မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနှံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၄၄)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂ ရက်၊ စနေနေ့

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲမင်္ဂလာအခမ်းအနား ဒုတိယနေ့ဆက်လက်ကျင်းပ



ရန်ကုန် ဧပြီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား နှင့် စာတမ်းဖတ်ပွဲမင်္ဂလာအခမ်းအနား ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လူစီးအမြန်ရထားအား ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲ

နေပြည်တော် မေ ၁

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်း စီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တောင်ငူ-နေပြည်တော်နှင့် နေပြည်တော်-မန္တလေးရထားလမ်းပိုင်းအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရန်ကုန်-မန္တလေး

စာမျက်နှာ ၃ ကော်လံ ၁ ○

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

စာ - ၁၁ သို့

ဆောင်းပါး

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို မည်သို့ကာကွယ်မည်နည်း

စာ - ၁၃ သို့



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂ ရက်)

ကမ္ဘာတည်သရွေ့တည်တံ့နေမည့် ဗုဒ္ဓသာသနာတော်

ဗုဒ္ဓဘာသာသာသနာတော်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည်ကမ္ဘာပေါ်တွင်သင်္ဂီယနာနှစ်ကြိမ် တိုင်တိုင်တင်ခဲ့သောနိုင်ငံအဖြစ်ဂုဏ်ယူဖွယ်ဖြစ်သည်။သင်္ဂီယနာတင်ခြင်းအဓိပ္ပာယ်မှာ ဗုဒ္ဓအဆုံးအမ တရားတော်များကို **“အညီအညွတ် စုပေါင်းရွတ်ဆိုမှတ်တမ်းတင်ခြင်း”**ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်ရှိ ပွင့်ထွန်းတော်မူသည်မှ မဟာပရိနိဗ္ဗာန်စံဝင်သည်အထိ ၄၅ ဝါကာလပတ်လုံး မြွက်ဟထုတ်ဖော်ဟောကြားတော်မူခဲ့သည့် တရားတော်များသည် သတ္တဝါတစ်ဦးတစ်ယောက်မှအစ သတ္တဝါအများတို့ နေထိုင်ရာလောကကြီး၌ ဓမ္မတရားထွန်းကားရေး၊ အဓမ္မတရားများ ပယ်ရှားနိုင်ရေးအတွက်ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်မြွက်ဟထုတ်ဖော်ဟောကြားခဲ့သော တရားတော်များသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံရာကာလတွင်းပင် သာသနာတော်အတွင်းနေ ပုဂ္ဂိုလ်အချို့တို့၏ ထိပါးပုတ်ခတ်ခြင်း ခံခဲ့ရသည်။ ထိုအခြေအနေကို သိမြင်တော်မူသော တပည့်ကြီးဖြစ်သည့် အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဓမ္မသံဝေဂရတော်မူပြီး **“ငါ့ရှင်တို့ မတရားအဓမ္မဝါဒမထွန်းပမီ၊ တရားဓမ္မတားမြစ်ဝိတ်ပင်ခြင်းမခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်အင်အားမကောင်းမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်အင်အားမနည်းမီ ဓမ္မဝိနယကို သင်္ဂီယနာတင်ကြကုန်စို့”** ဟု တိုက်တွန်းနှိုးဆော်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလလေးရက်မြောက် ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ မဂဓတိုင်းရာဇဂြိဟ်မြို့ ဝေဘာရတောင်နံပါး လိုဏ်ဂူတော်ကြီးအနီးတွင် အရှင်မဟာကဿပမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ်ငါးရာတို့က ပထမသင်္ဂီယနာတင်တော်မူခဲ့သည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ် ၁၀၀ အကြာတွင် အိန္ဒိယနိုင်ငံ ဝေသာလီမြို့ ဝါလိကာရုံကျောင်းတိုက်ကြီး၌ အရှင်မဟာယသမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၇၀၀ တို့ဖြင့် ဒုတိယသင်္ဂီယနာကို တင်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး ၂၃၅ နှစ်မြောက်တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်မြို့၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၁၀၀၀ တို့ဖြင့် တတိယသင်္ဂီယနာကို တင်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၄၅၀ အကြာတွင် သီရိလင်္ကာနိုင်ငံ မထုရ-မလယဇနပုဒ် အာလောကလိုဏ်ဂူတော်ကြီး၌ အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ် ၅၀၀ တို့က စတုတ္ထသင်္ဂီယနာကို ပေထက်အက္ခရာတင်ခဲ့ကြသည်။

သာသနာတော်နှစ် ၂၄၁၅ ကောဇာသက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ မန္တလေးမြို့ ရွှေနန်းတော်ပြာသာဒ်ဦး မြေနန်းတော်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ် အမှူးပြုသော သမ္မုတိ သံဃာတော် ၂၄၀၀ တို့က မင်းတုန်းမင်းတရားကြီး၏ ပစ္စည်းလေးပါးအထောက်အပံ့ကိုခံယူကာ ပဋမသင်္ဂီယနာတင်တော်မူခဲ့ကြပြီး ကျောက်ထက်အက္ခရာတင်ခဲ့ကြသည်။ သာသနာတော်နှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့မှစ၍ သာသနာတော်နှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ကြီးအမှူးပြုသော သံဃာတော် ၂၅၀၀ တို့က ဆဋ္ဌသင်္ဂီယနာတင်တော်မူခဲ့သည်မှာ ယခုအခါ နှစ်(၇၀) ပြည့်မြောက်ပြီဖြစ်သည်။

အဆိုပါသာသနာ့သမိုင်းဝင်ဆဋ္ဌသင်္ဂီယနာ မဟာဓမ္မသဘင်ကြီးအောင်မြင်ပြီးမြောက်ခဲ့ခြင်း နှစ်(၇၀) ပြည့်အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများနှင့်ပတ်သက်၍လျှောက်ထားရာတွင် **“ဘုရားတပည့်တော်တို့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အစဉ်တစိုက်ကြိုးပမ်းအားထုတ်တော်မူကြပါကုန်သော ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော်အရှင်သူမြတ်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အပေါ် တရားဓမ္မဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့က ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ခြင်း ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း၊ ဆရာဒကာလက်တွဲညီစွာဆောင်ရွက်သွားပါက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ကမ္ဘာတည်သရွေ့ သန့်ရှင်းတည်တံ့ပြန့်ပွားကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့တိုင်အောင် ထွန်းကားပြန့်ပွားမည်မှာ မလွဲ ဧကန်အမှန်ပင်ဖြစ်ပါကြောင်း”**လျှောက်ထားခဲ့သည်။

ဆဋ္ဌသင်္ဂီယနာတင် ပဋ္ဌကသုံးပုံပါဠိတော်၊ ရိုမန်အက္ခရာမူတို့ဖြင့် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း၌ ကျောက်စာရုံစေတီ ၇၂၀ ဆူ တည်ထားခဲ့ပြီး စေတီတော်တစ်ဆူလျှင် မြန်မာအက္ခရာပါဠိတစ်ဖက်၊ ရိုမန်အက္ခရာပါဠိတစ်ဖက်ဖြင့် ကျောက်စာချပ်ရေ ၁၄၄၀ ကိုရေးထွင်းထားသည်။ ထိုကျောက်စာရုံစေတီတော်များ ရှေ့ထီးတော်တင်လှူခြင်းမဟာမင်္ဂလာအခမ်းအနားကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့်အတူ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့်မဟာမင်္ဂလာအခမ်းအနားကြီးအဖြစ် ခမ်းနားထည်ဝါစွာဆောင်ရွက်ခဲ့သည်။ အနှစ်ချုပ်ဆိုရသော် ဆရာဒကာလက်တွဲညီစွာဖြင့် ဆောင်ရွက်နေသမျှကာလပတ်လုံး ဗုဒ္ဓမြတ်စွာသာသနာတော်သည်ကမ္ဘာတည်သရွေ့တည်တံ့နေမည်ဖြစ်ပါကြောင်း။ ။

လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်း ဆောင်ရွက်ရန် ဆွေးနွေး

မအူပင် မေ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဧရပ်ကုန်းကျေးရွာ၌ ဧပြီလ ၃၀ ရက် မွန်းလွဲပိုင်းတွင် ဧမ္မူအေးလယ်ယာနှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းသားတောင်သူများအား လူမှုစီးပွားမြှင့်တင်ရေးသက်တန့်ရောင်စီမံကိန်းဆောင်ရွက်ရန် တာဝန်ရှိသူများက ကွင်းဆင်းညှိနှိုင်းဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဌာနမှူးဦးကျော်စိုးမင်းနှင့်မြို့နယ်သမဝါယမဦးစီးဌာန ဌာနမှူးဦးသန့်စင်တို့က အသင်းသားတောင်သူ ၁၅၅၃ ဦး၊ စိုက်ပျိုးဧက ၅၀၀ အတွက်မိုးစပါးစိုက်ပျိုးအကောင်အထည်ဖော်မည့်အခြေအနေ၊ မျိုးသွင်းအားစုလိုအပ်ချက်၊ စက်သုံးဆီလိုအပ်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သည်။

ထို့နောက်လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းရန်ပုံငွေမှ ဧမ္မူအေးလယ်ယာနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းအတွက် မိုးစပါးစိုက်ပျိုးရန် မျိုး၊ သွင်းအားစုဖိုး လယ်တစ်ဧက လျှင် ငွေကျပ် ၂၈၈၀၀ နှုန်းဖြင့် စုစုပေါင်း ဧက ၅၀ အတွက် ငွေကျပ် ၁၄၄၀၀၀၀ အား မတည်ပံ့ပိုးပေးကြောင်းသိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

သနပ်ပင် မေ ၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကသစ်ခုန်ကျေးရွာ၌ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသန့်ဇင်မျိုး၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကသစ်ခုန်ကျေးရွာ၌ အလျားပေ ၂၅၀၊ အနံပေ ၁၅၀ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၃၄၀ သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ၍ ယခုနှစ် ဧပြီလ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

MWD Variety Channel

၂-၅-၂၀၂၆ (စနေနေ့)

၁။	၀၉:၂၀ သိမှတ်ဖွယ်ရာ သုတကမ္မာ	၃။	၁၄:၃၀ သိလိုသမျှ ကျန်းမာရေးကဏ္ဍာ
၂။	၁၁:၃၅ မြတ်နိုးစေချင် သဘာဝပတ်ဝန်းကျင်	၄။	၁၇:၃၅ စကားလက်ဆုံ

သင်္ဂီ(FM)အသံလွှင့်အစီအစဉ်

၂-၅-၂၀၂၆(စနေနေ့)

၁။	၀၈:၀၀	ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့	၄။	၁၄:၅၀	Business Tips
၂။	၀၈:၂၀	Morning Songs	၅။	၁၆:၀၀	Holiday Vibes
၃။	၁၁:၅၀	စိုက်မွေးသုတ	၆။	၂၁:၄၀	ဇာတ်လမ်းအသွင် တေးသံစဉ်

မြဝတီ ခနဲ့စဉ်
Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော် စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ဘုရင့်နောင်လုံးကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ) စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊ ၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာရှိ ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်တွေ့ဆုံ

ရန်ကုန် မေ ၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်းနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတို့ကို သွားရောက်၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရာထူးအဆင့်နှင့်လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားကြရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းဆောင်ရွက်ချက်များကို အလေးထားလုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာသုံးစွဲကြရန်၊ ရုံးနှင့်တိုင်းရင်းသားရိုးရာအိမ်များ၏ ဥပဓိရုပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေး ဝန်ထမ်းအားလုံးစည်းလုံးညီညွတ်စွာ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည် ထောင် စုတိုင်းရင်းသားကျေးရွာတာဝန်ယူကြီးကြပ်သူ ညွှန်ကြားရေးမှူးက ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တိုင်းရင်းသားရိုးရာအိမ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိသည့် သန်လျင်မြို့နယ် အမှုထမ်းရုပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်မွမ်းမံနိုင်ရေး လုပ်ငန်းများအမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် ဆန်းသစ်တီထွင်မှုသည် ရိုးရာကိုမကျော်လွန်စေရေးမှာ အရေးကြီးပါသဖြင့် အထူးသတိပြုဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးရုံးဝင်းရှိ ခြံစည်းရိုးအဟောင်းဖြိုဖျက်၍ ခြံစည်းရိုးအသစ်ဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကျင်းပ

တောင်ကြီး မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဒီးမင်းအောင်လှိုင်ထံမှပေးပို့သော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် အလုပ်သမားရေးရာဆောင်ရွက်ထားရှိမှု Video Clip ကိုပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး အပြည်ပြည်ဆိုင်ရာအလုပ်ဃားနေ့ (May Day) အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အလုပ်သမားရေးရာလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများပြခန်းနှင့်ဒေသထွက်ကုန် MSMEs အသေးစား၊ အငယ်စား နှင့်အလတ်စားစီးပွားရေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

❍ ရှေ့ဖုံးမှအဆက်

အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချခြင်း၊ ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန် – မန္တလေးလမ်းပိုင်းတွင် အမှတ် (၅)အဆန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားများအား ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းများဖြင့် ယနေ့မှစ၍ စတင်ပြေးဆွဲပေးသည်။

ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ်(၁)တွင် အမှတ်(၅)အဆန် ရန်ကုန်–မန္တလေး ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှအမြဲတမ်းအတွင်းဝန်၊ မြန်မာ့မီးရထားမှအရာထမ်း၊ အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ပြေးဆွဲမည့် ရထားတွဲဆိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွေးနုံသာရည်များပက်ဖျန်းပေးသည်။



ယင်းနောက် မန္တလေးသို့ စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ နံနက် ၆ နာရီတွင် ရထားစတင်ထွက်ခွာသည်။

အလားတူယနေ့နံနက်ပိုင်းတွင်မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် အမှတ်(၆)အစုန်မန္တလေး–ရန်ကုန်ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှအရာထမ်း၊ အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြေးဆွဲမည့်ရထားတွဲဆိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွေးနုံသာရည်များ ပက်ဖျန်းပေးကာ ရန်ကုန်သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

အဆိုပါ အမှတ်(၅) အဆန်၊ အမှတ်(၆) အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတွင် ပထမတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်းတွဲခြောက်တွဲဖြင့်ခရီးသည် ၃၁၂ ဦးလိုက်ပါစီးနင်းနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ်အစအဆုံး တစ်ဦးလျှင် ပထမတန်းငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်းငွေကျပ် ၄၈၀၀၀ နှုန်း ကျသင့်မည်ဖြစ်ကြောင်းနှင့် ရန်ကုန်–မန္တလေး–ရန်ကုန်ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာ စုစုပေါင်း ကိုးဘူတာ ရပ်တန့်ပေးမည်ဖြစ်ပြီး အမှတ်(၅) အဆန် DEMU လူစီးအမြန်ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးသို့ ညနေ ၄ နာရီတွင် လည်းကောင်း၊ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားသည် မန္တလေးမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ရာ ရထားပြေးဆွဲချိန် ၁၀ နာရီသာကြာမြင့်မည်ဖြစ်သည်။

မြန်မာ့မီးရထားသည်ယခုတိုးချဲ့ပြေးဆွဲပေးသည့်ရထားခရီးစဉ်များအပြင် ရန်ကုန်–မန္တလေးလမ်းပိုင်းတွင်ပြေးဆွဲပေးနေသည့် အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားခရီးစဉ်များကိုလည်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ယခင်က ရန်ကုန်မှ မန္တလေးအထိ ပြေးဆွဲချိန်စုစုပေါင်း ၁၉ နာရီခန့်ကြာမြင့်ခဲ့သော်လည်း ယခုအခါလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ် တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက်ခေါင်း/တွဲဆိုင်းများအသုံးပြုလာနိုင်ပြီဖြစ်၍ ရထားအမြန်နှုန်းတိုးမြှင့်လိုက်သဖြင့် ရန်ကုန် – မန္တလေးခရီးစဉ်တွင် စုစုပေါင်းပြေးဆွဲချိန် ၁၀ နာရီခန့်ဖြင့် သိသာစွာလျှော့ချပေးနိုင်ခဲ့ပြီး ရထားစီးခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့စေရေး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

ညနေပိုင်း၌ ပွဲရုံအတွင်း ဖျာများခင်းပြီးသောအခါ ထိုကျယ်ပြန့်သော ဖျာခင်းများပေါ်၌ ပြေးလွှားကစားရသည်။ ဆိုင်းသံတည်ညံဆူနေသော ဇာတ်စင်နောက်၌ ထမင်းစားရသည်။ ညပိုင်းသို့ ရောက်သောအခါ ပုဏ္ဏားကွယ်တိုင်ဖုံးကား၏ နောက်ကွယ်မှနေ၍ ကျွန်ုပ်၏ဖခင်သဘင်သည် ကပုံပြပုံများကို ချောင်းကြည့်ကာ ညတစ်ချက်တီးနှစ်ချက်တီး လောက်မှ စောင်ပုခက်နှင့်အိပ်ရသည်။ လေဆောင်သော လေပွေသည့် ပမာ ဇာတ်ရွှေ့ရာသို့ပါ၍ အိမ်ဆိုသည်မှာ ဘာမှန်းမျှမသိသလောက်ရှိခဲ့လေသည်။ ရွာလယ်ရှင်မင်းကလေး၏ဘဝဖြင့် ဤသို့နေရရင်းက ကြီးလျှင်ဇာတ်မင်းသားလုပ်မည်ဟုလည်း ကလေးစိတ်ဖြင့် ဖခင်ဖြစ်သူကို အားကျမိလေသည်။ မိခင်နှင့်ဖခင်တို့သည် ပိုက်ဆံနှင့်ပတ်သက်၍ မကြာခဏစကားများကြသည်ကိုလည်း တွေ့ရ၏။ အဘယ်ပုံစ၍ အဘယ်ပုံအဆုံးသတ်သည်ကိုကား မမှတ်မိပေ။ ဤကာလအတွင်းက အတိတ်ကားချပ်တို့သည် အချိန်ဝေးပြီဖြစ်သောကြောင့် ရေးရေးသာလျှင် ထင်လေတော့သည်။

သို့သော် ကျွန်ုပ်၏ကလေးစိတ်တွင် နလုံးသားကို သံပူဖြင့်ကပ်၍ တံဆိပ်နှိပ်လိုက်ဘိသကဲ့သို့ သေသည်အထိ မေ့ပျောက်နိုင်မည်မဟုတ်သောအဖြစ်အပျက်ကြီးသုံးရပ်တို့ကိုမူကား ကျွန်ုပ်သည် စိတ်ထဲ၌ သံမှိုဖြင့် စွဲနှက်ထားဘိသကဲ့သို့ တွေးလိုက်တိုင်း ကွက်ကွက်ကွင်းကွင်း ထင်းထင်းကြီးအမြဲမှတ်မိနေ၏။ ထိုအဖြစ်အပျက်ကြီးသုံးရပ်တို့သည်ပင်လျှင် ကျွန်ုပ်၏ ထူးဆန်းလှသောကံကြမ္မာကို ဖန်တီးရန် အုတ်မြစ်ချပေးခဲ့သည်ဟု ဆိုနိုင်ပေသည်။ ထိုအဖြစ်အပျက်သုံးရပ်တို့က ကျွန်ုပ်စိတ်ကို မည်မျှပြုပြင်ဖန်တီးပစ်လိုက်သည်ကို ကျွန်ုပ်၏ဖြစ်စဉ်မှတ်တမ်းကို ဖတ်ပြီးသောအခါမှသာ ပိုင်ပိုင်နိုင်နိုင်သိနိုင်ကြပေလိမ့်မည်။

ကလေးအရွယ် နုနယ်သောစိတ်သည် အလွန်သန့်ရှင်းကြည်လင်ဖြူစင်၏။ ထို့ကြောင့် သာမန်ထက်ပို၍ ထူးကဲသောအဖြစ်အပျက်သည်လည်းကောင်း၊ ဝမ်းသာဖွယ်အဖြစ်အပျက် သို့မဟုတ် ကြောက္ခဲဖွယ်အဖြစ်အပျက်တို့သည်လည်းကောင်း ကလေး၏စိတ်၌ သည်းပွတ်ကို မင်ကြောင်ထိုးထားသည့်ပမာ စွဲမြဲစေတတ်ပေသည်။ ထိုသို့ ခိုင်ခိုင်ကြီးစွဲမြဲသောအစွဲသည် နောင်ကြီးပြင်းလာသည့်အခါတိုင်အောင် လောကကို ဆင်ခြင်ရာ၌လည်းကောင်း၊ နေ့စဉ်အတွေ့အကြုံများ၌လည်းကောင်း သာမန်အမြင်ဖြင့် မမြင်တတ်စေဘဲ ထိုရှိရင်းစွဲဖြစ်သော အစွဲစိတ်၏မှန်ပြောင်းထဲမှဖြတ်သန်း၍ မြင်ရသလိုသာ မြင်စေတတ်ပေသည်။ ငယ်စဉ်က စိတ်မူမမှန်ဘဲ ကြီးပြင်းလာခဲ့ရသူမှန်သမျှတို့သည် စိတ်၌စွဲမြဲနေသောအစွဲကြောင့် ကြီးပြင်းလာသောအခါ မည်သည့်ကိစ္စကိုမဆို မူမှန်အတိုင်း မြင်လေ့မရှိ။ အစွဲ၏ပယောဂအမှောင့်ဖြင့် မူမမှန်သောအမြင်ကိုသာ မြင်တတ်၏။ ထို့ကြောင့် အတွေးအခေါ်အယူအဆတို့မှာလည်း သာမန်လူတို့၏အတွေးအခေါ်အယူအဆနှင့်မတူ။ အကြောအစည်အလုပ်အကိုင်တို့မှာလည်း သာမန်အကြောအစည်အလုပ်အကိုင်မျိုးမဖြစ်။ ဝါးပင်ပျိုကို ငယ်စဉ်က ကောက်နိုင်ဖြောင့်နိုင်ဘိသကဲ့သို့ ကလေးငယ်၏စိတ်သည်လည်း ငယ်စဉ်ကကောက်လျှင် ကြီးသောအခါ ဖြောင့်၍မရအောင် ကောက်တတ်သည်။ ဖြောင့်၍မရအောင် ပုံပျက်လျက်နေသောစိတ်သည် ကြီးပြင်းလာသောအခါတွင် ပြန်၍ဖြောင့်နိုင်ရန် ခဲယဉ်းလှပေ၏။ နုနယ်သိမ်မွေ့

"ကလေးအရွယ် နုနယ်သောစိတ်သည် အလွန်သန့်ရှင်းကြည်လင်ဖြူစင်၏။ ထို့ကြောင့် သာမန်ထက်ပို၍ ထူးကဲသောအဖြစ်အပျက်သည်လည်းကောင်း၊ ဝမ်းသာဖွယ်အဖြစ်အပျက် သို့မဟုတ် ကြောက္ခဲဖွယ်အဖြစ်အပျက်တို့သည်လည်းကောင်း ကလေး၏စိတ်၌ သည်းပွတ်ကို မင်ကြောင်ထိုးထားသည့်ပမာ စွဲမြဲစေတတ်ပေသည်။ ထိုသို့ ခိုင်ခိုင်ကြီးစွဲမြဲသောအစွဲသည် နောင်ကြီးပြင်းလာသည့်အခါတိုင်အောင် လောကကို ဆင်ခြင်ရာ၌လည်းကောင်း၊ နေ့စဉ်အတွေ့အကြုံများ၌လည်းကောင်း သာမန်အမြင်ဖြင့် မမြင်တတ်စေဘဲ ထိုရှိရင်းစွဲဖြစ်သော အစွဲစိတ်၏မှန်ပြောင်းထဲမှဖြတ်သန်း၍ မြင်ရသလိုသာ မြင်စေတတ်ပေသည် . . ."

သော ကျွန်ုပ်၏ကလေးစိတ်ကို ယခုရေးသားဖော်ပြမည့် အဖြစ်အပျက်ကြီးသုံးရပ်တို့က ဖြောင့်၍မရနိုင်လောက်အောင် ထုနှက်ကောက်ကွေးစေခဲ့၏။ ထို့ကြောင့်လည်း ယင်းသို့အဖြစ်အပျက်ကြီးသုံးရပ်တို့ကို လောလောဆယ်၌ဖြစ်ပွားနေသည့်ပမာ အမြဲစိတ်မှာ မှတ်မိနေပေသည်။

မှတ်မိသေး၏။ ပထမအဖြစ်အပျက်ကြီးကိုကြုံရစဉ်က ကျွန်ုပ်အသက်သုံးနှစ်အရွယ်ခန့်ရှိပေပြီ။ သုံးနှစ်သားအရွယ်ကလေးတို့၏ သဘာဝအတိုင်း ကျွန်ုပ်မှာ မြင်မြင်ကရာကို အထူးအဆန်းမှတ်ထင်လျက် မိဘများအား မေးခွန်းများ အဆက်မပြတ်မေးသောအရွယ်ဖြစ်ပေရာ တစ်ညတွင် စကြာရေချဇာတ်ကို ပြသည်နှင့်ကြုံ၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ဖခင်က စကြာမင်းကလေးသဏ္ဌာန် ကပြ၍ ဘိုးဘိုးအောင်က ရေမှကယ်ဆယ်သောအခန်းကို ပုဏ္ဏားကွယ်တိုင်ဖုံးနောက်မှ ခါတိုင်းကဲ့သို့ ချောင်း၍ကြည့်နေမိ၏။ ဇာတ်ဟန်အမူအရာအတိုင်း စကြာမင်းကလေးက ဘိုးဘိုးအောင်အား 'ဘိုးဘိုး' ဟုခေါ်ရပေရာ 'ဘိုးဘိုး' ဟူသော စကားလုံးကို ကျွန်ုပ်အထူးတလည်မှတ်မိသွား၏။ ထို့ကြောင့် ကျွန်ုပ်၏ မိခင်က ကျွန်ုပ်အား သိပ်သောအခါ၌ "မေမေ သားမှာ ဘိုးဘိုးမရှိဘူးလားဟင်" ဟု ကလေးစိတ်ဖြင့် အမှတ်မထင်မေးမိ၏။

ဤသို့မေးလိုက်သောအခါ ကျွန်ုပ်၏မိခင်သည် ရှေးဖြစ်ဟောင်းများကိုတွေးကာ မျက်ရည်အဖြိုင်ဖြိုင်ကျရှာပေသည်။ မျက်ရည်ကျရာက ငိုသံဖြင့် "သားမှာ ဘိုးဘိုးရှိပါသော်ကောကွယ်" ဟု တုန်တုန်ယင်ယင်ဖြေရှာ၏။ ထိုအခါ ကျွန်ုပ်က "ဒါဖြင့် ဘိုးဘိုး ဘာပြုလို့ သားတို့ဆီကို မလာတာလဲဟင်" ဟု မေးလိုက်မိပြန်ပေသည်။ ကျွန်ုပ်၏မိခင်သည် ဘာစိတ်ဘာလက်ပေါက်သည်မသိ၊ ကျွန်ုပ်အား ချော့၍သိပ်ရင်း "သားရဲ့ဘိုးဘိုးဟာလေ သိပ်ပြီးချမ်းသာတာပဲကွယ်၊ သိလားသားရဲ့။ ရွှေမန်ကျည်းတောင့်တွေဆိုတာ စဉ့်အိုးနဲ့ သုံးလုံးတောင်မှပဲရှိသကွဲ့။ ငွေဒင်္ဂါးတွေဆိုတာဟာလည်း တင်းတောင်းနဲ့ခြင်ရသကွဲ့။ စိန်တွေ၊ ကျောက်တွေဆိုတာကဖြင့်ကွယ် ကွမ်းအစ်ဖုံးကြီးနဲ့ တစ်လုံးပဲကွဲ့သားရဲ့" စသည်ဖြင့် ကျွန်ုပ်အား ပုံပြင်လေးတစ်ပုံပြောသလို ပြောပြရှာလေသည်။ ပုံနားထောင်သလို "အင်း" လိုက်၍နားထောင်သူကျွန်ုပ်က "ဒါဖြင့် မေမေရယ် ဘိုးဘိုးတို့ဆီကို ကျွန်တော်တို့သွားရအောင်နော် မေမေ ဟုတ်လား၊ ဘိုးဘိုးက ကျွန်တော့်ကို ငွေဒင်္ဂါးတွေ ကစားဖို့ပေးမှာပဲနော်" ဟုပြောလိုက်ရာ ကျွန်ုပ်၏မိခင်သည် မျက်ရည်လည်ရွဲနှင့် ကျွန်ုပ်၏နဖူးကို နမ်းရှာရင်း "အေးကွယ် ငါ့သားကြီးပြင်းလာတော့ သွားတာပေါ့ သားက အခုငယ်သေးတယ်။ ကဲကွယ် အိပ်...အိပ်" ဟုဆိုကာ ချော့မော့၍ သိပ်ရှာပေသည်။

ထိုနေ့မှစ၍ ကျွန်ုပ်တွင် 'ဘိုးဘိုး' ဟူသောစကားတစ်လုံးတိုးလာ၏။ ညအိပ်ရာဝင်တွင် မိခင်အား ပုံပြောရန်ပူဆာတိုင်း ရွှေယုန်ရွှေကျား၊ မယ်ထွေးတို့၏ပုံများကို နားမထောင်ချင်တော့ဘဲ ဘိုးဘိုးပုံပြင်ကိုသာ ပူဆာတတ်သောအကျင့်ဖြစ်လာ၏။ ကျွန်ုပ်က ဤသို့ပူဆာတိုင်း ကျွန်ုပ်၏မိခင်သည် ဆေးလေးသောအသံဖြင့် သူ၏ကြောက္ခဲဖွယ်ရာအဖြစ်အပျက်ပုံပြင်လေးတစ်ပုံပမာ စီကာပတ်ကုံးဇာတ်လုံးပေါ်အောင် ပြောပြတတ်ပေသည်။ နောက်ဆုံး၌ ကျွန်ုပ်က "ဘိုးဘိုးဆီသွားရအောင်" ဟု ပူဆာလျက် မိခင်ကလည်း "အေးကွယ် ငါ့သား ကြီးပြင်းတော့သွားတာပေါ့ အိပ်ကွယ် အိပ်" ဟု ချော့သိပ်ခြင်းဖြင့်သာ နိဂုံးချုပ်ရစမြဲဖြစ်၏။

တစ်လနှစ်လခန့်ကြာသောအခါတွင် ကျွန်ုပ်၏အဘိုး ဦးနကီ၏ မိတ်ဆွေရင်းချာ အဒေါ်ကြီးတစ်ဦးသည် ကျွန်ုပ်၏မိခင်အား ပွဲကြည့်လာရင်း ဇာတ်ခုံနောက်သို့ဝင်၍ တွေ့ဆုံလေသည်။ ထိုအဒေါ်ကြီးမှာ မိခင်၏အဖြစ်ကို မြင်ရသောအခါတွင် ရင်ထုမနာဖြစ်ရှာလျက် သူအပြန်တွင် ကျွန်ုပ်၏မိခင်ကို အဘိုးတို့မြို့သို့လိုက်ခဲ့ရန် စရိတ်ခံ၍ခေါ်ရှာသည်။ ထို့ပြင် ကျွန်ုပ်၏အဘိုးအား မြေးဦးယောကျ်ားလေးဖြစ်သော ကျွန်ုပ်ကို ပြန်ငင်စေရန်လည်း စီစဉ်ပေးမည်ဟု ပြောဆိုပေသည်။

ရရစားစားဇာတ်သမား၏ မယားအဖြစ်ဖြင့်နေရသူ ကျွန်ုပ်မိခင်မှာ ဖခင်ရပ်ထံသို့ ပြန်လိုရာ၌ ဖခင်၏အမျက်မပြေသေးသည်ကတစ်ကြောင်း၊ ပြန်လောက်အောင် စရိတ်စကမရှိသောကြောင့်တစ်ကြောင်း မပြန်ဖြစ်နိုင်ဘဲရှိရလေရာ ထိုကဲ့သို့ ကူညီစောင့်မမည့်သူ ပေါ်ပေါက်လာသောအခါ၌ ကျွန်ုပ်၏ဖခင်ထံတွင် မိဘရပ်ထံသို့ ခေတ္တပြန်လိုကြောင်း ဖြင့် ခွင့်တောင်း၏။ ကျွန်ုပ်၏ဖခင်ကား သဘင်သည်ပီပီ ပေါ့ပေါ့တန်တန် နေသူဖြစ်ရာ ဘာမျှမထူးခြားသလို ခွင့်ပေးလိုက်လေသည်။

ဆက်လက်ဖော်ပြပါမည်။

သုံးခွမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး



ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို မေလ ၁ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ကလေးငယ်များအား မှတ်တမ်းစာအုပ်တွင် အမည်ရေးသွင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးထိုးမှတ်တမ်းစစ်ဆေးခြင်းနှင့် ပေါင်ချိန်ခြင်းတို့ ပြုလုပ်သည်။

ထို့နောက် ကလေးငယ်များကို အသက်အရွယ်အပိုင်းအခြားအလိုက် လများခြားလျက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ)၊ ဂျပန်ဦးနှောက်ရောင်နှင့် ပိုလီယို အကြောသေရောဂါ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များကို ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာများဟောပြောခြင်း၊ ကလေးများ အာဟာရဖွံ့ဖြိုးရေးအတွက် အသိပညာပေးခြင်းတို့ကို လစဉ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ဘားအံမြို့နယ်၌ ကော့ဒါန်းမယ်ကျေးရွာ အဝင်တံတား မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဘားအံ မေ ၁

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ကော့ဒါန်းမယ်ကျေးရွာ၌ ကျေးရွာအဝင်တံတားမြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများက ရက် ၁၀၀ စီမံချက်ဖြင့် ကော့ဒါန်းမယ်ကျေးရွာအဝင်တံတား မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ကော့ဒါန်းမယ်ကျေးရွာ၌ မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေငွေကျပ် ၃၉ သန်းဖြင့် ဧပြီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ၄၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဘိုဘို



● ရွှေဖုံးမှအဆက်

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ခမ်မီကာရာမကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပဒီယက အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုနန္ဒရနှင့် တိပိဋကဓရတိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တသေဋ္ဌဉာဏာလင်္ကာရတို့က သုတ္တန္တ ပိဋကတ်တော်ကို သင်္ဂါယနာအမေးအဖြေ ပြုလုပ်ပြီး သံဃာတော် ၁၅ ပါးတို့က စုပေါင်း သံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေဘိုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်ဗဟိုသံဃ၌ဝန်ဆောင် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်လှရတနာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသ မဟာထေရ်မြတ်က စာတမ်းများနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဒေါက်တာဘဒ္ဒန္တ ကေတုက “မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသင်္ဂါယနာတင်ဃိုင်း” စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပိဋကသုံးပုံနိကာယ်ကျောင်းတိုက် မော်ကွန်းဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလကွန္ဒသာဘိဝံသက “ကမ္ဘာပေါ်တွင်ပညာဉာဏ်အရည်အချင်းစစ်အရှည်ကြာဆုံးစာမေးပွဲ (တိပိဋကဓရတိပိဋကကောဝိဒ)” စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေးခွန်းများမေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နေနတ်သားဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မန္တလေးမြို့ မြတောင်ပရိယတ္တိစာသင်တိုက်တိုင်းကြည်အဘိဝံသကျောင်း ပညာရေးဗဟိုအဖွဲ့ခွဲဥက္ကဋ္ဌ (ဓမ္မာစရိယ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိဘိဝံသ က “ပိဋကတ်တော်ဆောင် သံဃာရတနာများပွင့်ထွန်းရာမြေ” စာတမ်းကိုဖတ်ကြားပြီး သီရိလင်္ကာနိုင်ငံ အမရပူရနိကာယ မဟာနာယကဂိုဏ်း ချုပ်ဆရာတော် ဘဒ္ဒန္တကရန်ဂေါဓ ဥယျမဂေါဓ မိဿရိမာသီနှင့် ဘင်္ဂလားခွေ့ရှိုင်ငံ သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တခေမာစာရတို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တမေဓာဓိတိရေဝိဇိတမဓုနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ဒေါက်တာယွန်ဆင်ယိတ်တို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒမုခက “ပိဋကသုံးပုံနှင့် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ” စာတမ်းကို ဖတ်ကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသိရသည်။

မြဝတီ

ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဒဂုံတက္ကသိုလ်ရှိ အပန်းဖြေရိပ်သာ(Recreation Centre) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီးရေးမှာကြားပြီး တက္ကသိုလ်ဘောလုံးကွင်းများ အဆင့်မြှင့်တင်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက်ရှိရာ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယဌာနမှူး(အင်ဂျင်နီယာ)တို့က အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်မည့်အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လျာထားနေရာကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်၊ ပုဂံ၊ တကောင်း၊ သံပျင်၊ အမရာအဆောင်များနှင့် အားကစားကွင်းများ လျာထားနေရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

ကယားပြည်နယ် လွိုင်ကော်မြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား ကျင်းပ



လွိုင်ကော် မေ ၁

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာအလုပ်ထမားနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် မေလ ၅ ရက်တွင်ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲကို လွိုင်ကော်မြို့ ခုတင် - ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ကယားပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခုတင် - ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ အာဟာရဖြည့်စွက်စာများ၊ အားဆေးများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ကယားပြည်နယ်သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များနှင့်အညီ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစိုးရ၊ တပ်မတော်၊ ပြည်သူများနှင့်အတူ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီး ယနေ့သွေးလှူဒါန်းပွဲတွင် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သုတ(ပြည်နယ် ပြန်/ဆက်)

Heatwave and Monsoon Season Preparedness (Pre Disaster Meeting)ပြုလုပ်



ရန်ကုန် မေ ၁

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော Heatwave and Monsoon Season Preparedness (Pre Disaster Meeting)ကို ဧပြီလကုန်တွင် အသင်းရန်ကုန်ရုံးခွဲ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အစည်းအဝေးသို့မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်နှင့် အလုပ်အမှု ဆောင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အသင်းဌာနချုပ်ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်ဖြစ်လေ့ဖြစ်ထရှိသည့် အဓိကဘေးအန္တရာယ်များနှင့် လာမည့်ရာသီတွင် ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန၊ ကျန်းမာရေးဌာနတို့မှ အသင့်ပြင်ဆင်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၂၅-၂၀၂၆ ခုနှစ် ဘေးအန္တရာယ်တုံ့ပြန်ရေးအတွေ့အကြုံများ၊ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို ပြန်လည်သုံးသပ်ရန်နှင့် နောက်လာမည့် ရာသီအတွက် စိန်ခေါ်မှုများကို လျော့ချနိုင်ရန်ရည်ရွယ်၍ ယခုအစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်သည်။

မြဝတီ

တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကိုဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊


(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှလက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကိုစိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

မိုးလေဝသ သတင်း



မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၅-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထား၀ယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လှိုင်ကော်	ဟားခါး
92 Ron	၄၅၁၅	၄၇၀၀	၄၆၄၀	၄၅၃၀	၄၇၀၀	၄၇၁၅	၄၇၆၅	၄၆၀၀	၄၇၆၅	၅၀၈၅	၄၆၃၅	၄၇၂၅	၄၇၃၅	၄၆၉၀	၄၆၉၀	၄၉၀၀
95 Ron	၄၆၆၀	၄၈၆၀	၄၉၀၀	၄၆၈၅	၄၈၆၀	၄၈၇၀	၄၉၂၀	၄၇၇၀	၄၉၂၀	၅၂၄၀	၄၇၉၀	၄၉၄၀	၄၈၉၅	၄၈၅၀	၄၈၅၀	၅၀၆၀
HSD (500 ppm)	၅၂၇၅	၅၄၅၅	၅၃၉၅	၅၂၉၀	၅၄၆၅	၅၄၆၅	၅၅၁၅	၅၃၆၅	-	၅၈၂၀	၅၃၉၀	၅၈၉၅	၅၄၉၀	၅၄၄၅	၅၄၄၅	၅၆၄၅
HSD (50 ppm)	၆၄၅၅	၆၆၄၅	၆၅၈၀	၆၄၇၀	၆၆၄၅	၆၆၅၅	၆၇၀၅	၆၅၅၀	၆၇၀၅	၇၀၂၅	၆၅၇၅	၆၈၃၀	၆၆၈၀	၆၆၃၀	၆၆၃၀	၆၈၄၅
HSD (10 ppm)	၆၄၅၅	၆၆၄၅	၆၅၈၀	၆၄၇၀	၆၆၄၅	၆၆၅၅	၆၇၀၅	၆၅၅၀		၇၀၂၅	၆၅၇၅	၆၈၃၀	၆၆၈၀	၆၆၃၀	၆၆၃၀	၆၈၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၇၉	၄၃၉၄
95 Ron	၄၄၃၃	၄၅၅၅
HSD (500 ppm)	၅၀၃၃	၅၁၆၃
HSD (50 ppm)	၆၁၆၀	၆၃၁၃
HSD (10 ppm)	၆၁၆၀	၆၃၁၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၅၂၊ ၀၉-၆၈၀၅၅၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အမြို့မြို့အနယ်နယ်၌ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



ကော့သောင်း

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်၌ ဧပြီလ ၃၀ ရက် နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းလောင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဧည့်ပရိသတ်များက ဒေဝါဝင်း၊ ရာဇဝင်းများခြံရံ၍ ပြည်တော်အေးစေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ပြီး ပြည်တော်အေးစေတီတော်ရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်း၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ပူဇော်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖြည်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ (၁၀၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ဧပြီလ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဩဝါဒါစရိယဆရာတော်ကြီးများအား ရွှေဆံတော်ဂေါပကအဖွဲ့က အရာဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ် စသောပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများထံ အခမ်းအနားသို့ တက်ရောက်လာသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ရွှေဆံတော်ရင်ပြင်အလယ် ပစ္စယံရှိ မဟာဗောဓိပင်၌ (၁၀၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများက မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဆက်လက်၍ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဝေယျာဝစ္စအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများက ရိုးရာညောင်ရေအိုးများဖြင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့ပြင် ပြည်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ ဘုရား၊ ကျောင်းကန်စေတီပုထိုးများ၌လည်း ညောင်ရေသွန်းပွဲနှင့် ကုသိုလ်ကောင်းမှုများပြုလုပ်ကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျက်သရေဆောင် ရွှေမြင့်မိုရ်တောင် စေတီတော်၌ ဧပြီလ ၃၀ ရက် (ကဆုန်လပြည့်နေ့)တွင် ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် သာသနာ့အလံတော် ပင့်ဆောင်လွှင့်ထူခြင်းနှင့် ကဆုန်ညောင်ရေသွန်းပွဲတော် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ အထိမ်းအမှတ် သာသနာ့အလံတော်ကို တကူကနာ မရမ်းကျောင်း ဘုန်းတော်ကြီးကျောင်းမှ ပင့်ဆောင်၍ ချောင်းဆုံမြို့ပေါ်လမ်းမကြီးတစ်လျှောက်၌ အများပြည်သူအပူဇော်ခံကာ ရွှေမြင့်မိုရ်တောင် စေတီတော်ရင်ပြင်တော်သို့ ပင့်ဆောင်ကြသည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက စေတီတော်ရင်ပြင်နှင့် အောင်ဗောဓိညောင်ပင်ခြေရင်းတို့၌ သာသနာ့အလံများ လွှင့်ထူကာ အောင်ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

ပဲခူး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ မဟာစေတီတော်မြတ်ကြီး ရင်ပြင်ရှိ မဟာဗောဓိညောင်ပင်၌ တိုင်းဒေသကြီး(YMBA) အသင်းနှင့် မဟာစေတီဘုရားဂေါပကအဖွဲ့တို့ပူးပေါင်း၍ ကဆုန်ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲအခမ်းအနားကို ဧပြီလ ၃၀ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲသို့ ပဲခူးတိုင်းဒေသကြီး(YMBA) အသင်းမှတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ ရပ်ကွက်အသီးသီးရှိပြည်သူများ တက်ရောက်ပြီး မဟာဗောဓိပင်၌ ညောင်ရေများသွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

(၄၁၀)



ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၂)ရပ်ကွက် (၂)ဖြတ်လမ်းရှိ မဟာအတုလမြတ်မုနိရပ်တော်မူ မြတ်စွာဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်၌ ဧပြီလ ၃၀ ရက် ညနေပိုင်းတွင် ကဆုန်ညောင်ရေသွန်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ကဆုန်ညောင်ရေသွန်းလောင်းလှူပွဲကျင်းပရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းအောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရပ်တော်မူမြတ်စွာဘုရားကြီး ပရိဝုဏ်အတွင်း စိုက်ပျိုးထားသည့် ဗောဓိညောင်ပင်အား ကဆုန်လ၏ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ သွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)





ချမ်းမြသာစည်

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးပရိဝုဏ်အင်္ဂါထောင့်တွင်ရှိသော မဟာဗောဓိပင်ပရိဘောဂစေတီတော်မြတ်အား ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ဧပြီလ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရင်ပြင်တော်အင်္ဂါထောင့်ရှိ ပြင်ပလှူဖွယ်ရာပြတိုက်စုရုပ်မှစတင်၍ ရေတော်ဆရာတော်ကြီးအား အမှူးထား ကာ သာသနာ့အလံကိုင်၊ ပန်းဖလားကိုင်၊ ကန်တော့ပွဲကိုင်သူများ၊ မဟာမုနိဂေါပက ဥက္ကဋ္ဌ ဦးကျော်စိုးမိုးနှင့်အဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ဓမ္မစကြာဝတ်အသင်း၊ မဟာမုနိဝန်ထမ်းများနှင့် ဒိုးပတ်ဝိုင်းအဖွဲ့တို့က စနစ်တကျစီတန်း၍ ကျောင်းတော်ကြီးလက်ယာရစ်တစ်ပတ်၊ အရှေ့စောင်းတန်းမှ မဟာဗောဓိပင်အထိ လှည့်လည်ကြသည်။

ဆက်လက်၍ မဟာဗောဓိပင်ပတ်လည်တွင် နေ့နံအလိုက်နေရာယူကြပြီး ရေတော်ဆရာတော်အရှင်သူမြတ်က ဇယန္တော ဗောဓိယာမူလေ အစရှိသော အောင်အဘိသေကမင်္ဂလာဂါထာတော်ကိုရွတ်ဖတ်တော်မူကာညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့နောက် ဘုရားဖူးလာပြည်သူများ ကလည်း အမွေးနံ့သာရည်များထည့်သွင်းထားသည့်ရေအိုးများကို ကိုင်ဆောင်ကာ ဗောဓိညောင်ပင်အား ရေသွန်းလောင်းပူဇော်ခြင်း၊ သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် မေတ္တာသုတ်များရွတ်ဖတ်ပူဇော်ပြီး ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

အလင်းသစ်(ချမ်း/စည် ပြန်/ဆက်)

ပဲပင်ပေါက်စားခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်



ပဲပင်ပေါက်သည် ကျန်းမာရေးအတွက် သင့်လျော်သည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ပဲပင်ပေါက်ကို Bean Sprouts ဟုခေါ်ပြီး သိပ္ပံအမည်မှာ Vigna Radiate ဖြစ်သည်။ ပဲပင်ပေါက်ကို ကြော်စားခြင်း၊ အသုပ်များတွင်ထည့်စားခြင်း၊ သုပ်စားခြင်း၊ ဟင်းချိုချက်စားခြင်း၊ အချဉ်စိမ်စားခြင်း စသည်ဖြင့် အမျိုးမျိုးပြုလုပ်စားသောက်နိုင်သည်။

ပဲပင်ပေါက်ကိုပဲပြားနှင့်ရောရော ကြော်စားကြသကဲ့သို့ အသုပ်နှင့် မုန့်ဟင်းခါးထဲတွင်လည်းထည့်စားကြသည်။ ပဲတီချဉ်သုပ်ကလည်း မြန်မာလူမျိုးများအကြိုက်ခံတွင်းမြိန်စေသည့် ဟင်းလျာတစ်မျိုးဖြစ်သည်။ ပဲပင်ပေါက်တွင် အာဟာရဓာတ်ကြွယ်ဝပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုအာဟာရများစွာ ပါဝင်သည်။

ပဲပင်ပေါက်တွင်ပါဝင်သော အာဟာရများ

ပဲပင်ပေါက်တွင် ခန္ဓာကိုယ်တည်ဆောက်ရေးနှင့် ကြွက်သားများအတွက် အရေးကြီးသည့် ပရိုတင်း၊ အစာခြေစနစ်ကောင်းစေပြီး ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးသည့် ဖိုင်ဘာ၊ ကိုယ်ခံအားတိုးစေပြီး အရေပြားကျန်းမာရေးကောင်းစေသော ဗီတာမင်-C၊ သွေးကြောကျန်းမာရေးနှင့် သွေးခဲခြင်းကို ထိန်းညှိပေးသည့် ဗီတာမင်-K၊ စွမ်းအင်ထုတ်လုပ်မှုနှင့် ဦးနှောက်လုပ်ဆောင်မှုအတွက် အရေးကြီးသည့် ဗီတာမင်-B အုပ်စုများ(B1, B2, B6)၊ ကိုယ်ဝန်ဆောင်များအတွက် အထူးအရေးကြီးသည့် ဖောလိတ်၊ သွေးအားကောင်းစေသည့် သံဓာတ်၊ နှလုံးနှင့်ကြွက်သားကျန်းမာရေးအတွက်လိုအပ်သည့် မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်တို့ ပါဝင်သည်။

ပိုးမွှားကူးစက်မှုမှ ကာကွယ်ပေးသောပဲပင်ပေါက်

ပဲပင်ပေါက်တွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်၏ရောဂါတိုက်ဖျက်နိုင်စွမ်းကို မြှင့်တင်ပေးပြီး ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကူးစက်မှုမှ ကာကွယ်ပေးသည်။

ရောင်ရမ်းမှုကိုထိန်းညှိပေးသော ပဲပင်ပေါက်

ပဲပင်ပေါက်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်မှုက ဆဲလ်များပျက်စီးခြင်းကို လျော့ကျစေကာ ရောင်ရမ်းမှုကို ထိန်းညှိပေးသည်။

သွေးအားကောင်းစေသောပဲပင်ပေါက်

ပဲပင်ပေါက်တွင် သံဓာတ်နှင့် ဖောလိတ်ဓာတ်ကြောင့် သွေးနီဆဲလ်ထုတ်လုပ်မှုကို ကူညီပေးသည်။

အသားအရေကောင်းစေသော ပဲပင်ပေါက်

ပဲပင်ပေါက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် အသားအရေကောင်းမွန်စေပြီး အိုမင်းရင့်ရော်မှုကို နှောင့်နှေးစေသည်။

ကိုယ်ခံအားကောင်းစေသော ပဲပင်ပေါက်

ပဲပင်ပေါက်တွင် ဗီတာမင်-C ပါဝင်မှုကြောင့် ကိုယ်ခံအားကောင်းစေနိုင်ပြီး ရောဂါပိုးများကူးစက်မှုမှ အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဓာတ်တိုးဆန့်ကျင်အာနိသင်ပါဝင်နေသောကြောင့် ခန္ဓာကိုယ်ကိုကျန်းမာစေပြီး ဇီဝကမ္မလုပ်ငန်းစဉ်များကို အကောင်းဆုံးလည်ပတ်စေကာ ပါဝင်သည်။ အမျှင်ဓာတ်ပါဝင်မှုကြောင့် အဆာခံနိုင်စေပြီး ကိုယ်အလေးချိန်လျော့ချချင်သူများ နေ့စဉ်စားပေးသင့်သည်။ ကယ်လိုရီနည်းပြီး အမျှင်ဓာတ်ပါဝင်မှုက အစာစားချင်စိတ်ကို ထိန်းညှိပေးသောကြောင့် ကိုယ်အလေးချိန်လျော့ချလိုသူများအတွက် သင့်လျော်သည်။

သွေးအားနည်းခြင်းကို သက်သာစေနိုင်သောပဲပင်ပေါက်

ပဲပင်ပေါက်တွင်ပါဝင်သည့် သံဓာတ်နှင့် ကော့ပါးဓာတ်များက ခန္ဓာကိုယ်ထဲတွင် သွေးနီဥဆဲလ်များဖြစ်ပေါ်စေပြီး ကိုယ်တွင်း သွေးလည်ပတ်မှုကို ကောင်းစေနိုင်သည်။ ခန္ဓာကိုယ်တွင် သံဓာတ်အားနည်းလာသည့်အခါ သွေးအားနည်းရောဂါကို ခံစားရနိုင်သောကြောင့် သံဓာတ်ကြွယ်ဝသည့် အစားအစာများကို စားသုံးရန်လိုအပ်သည်။ ထို့ကြောင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းခြင်း၊ အစာခြေစနစ်ပြဿနာများခံစားရခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ အမောမခံနိုင်ခြင်းများ မဖြစ်စေရန် ပဲပင်ပေါက်ကို စားသုံးသင့်သည်။

အစာခြေစနစ်ကိုကျန်းမာစေနိုင်သော ပဲပင်ပေါက်

ပဲပင်ပေါက်တွင် တခြားအစားအစာများ၌ ရှားပါးသောအင်ဇိုင်းများ ပါဝင်သည့် အတွက် အစာခြေစနစ်ကို ကျန်းမာစေနိုင်ပြီး အစာကြေစေနိုင်သကဲ့သို့ အူနံရံများကို အာဟာရဓာတ်များ အကောင်းဆုံးစုပ်ယူနိုင်အောင် ထောက်ပံ့ပေးနိုင်သည့် အပြင် အစာကြေလွယ်စေသည်။ ပဲပင်ပေါက်တွင် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် ဝမ်းချုပ်ခြင်းမှကင်းဝေးအောင် အကောင်းဆုံးထောက်ပံ့ပေးနိုင်သည်။

ကိုယ်အလေးချိန်ကျစေနိုင်သော ပဲပင်ပေါက်

ပဲပင်ပေါက်တွင် ကယ်လိုရီပါဝင်မှုနည်းပြီး ခန္ဓာကိုယ်အတွက်အကျိုးပြုသည့် ဗီတာမင်နှင့် သတ္တုဓာတ် ကြွယ်ဝစွာပါဝင်သည်။ အမျှင်ဓာတ်ပါဝင်မှုကြောင့် အဆာခံနိုင်စေပြီး ကိုယ်အလေးချိန်လျော့ချချင်သူများ နေ့စဉ်စားပေးသင့်သည်။ ကယ်လိုရီနည်းပြီး အမျှင်ဓာတ်ပါဝင်မှုက အစာစားချင်စိတ်ကို ထိန်းညှိပေးသောကြောင့် ကိုယ်အလေးချိန်လျော့ချလိုသူများအတွက် သင့်လျော်သည်။

သွေးအားနည်းခြင်းကို သက်သာစေနိုင်သောပဲပင်ပေါက်

ပဲပင်ပေါက်တွင်ပါဝင်သည့် သံဓာတ်နှင့် ကော့ပါးဓာတ်များက ခန္ဓာကိုယ်ထဲတွင် သွေးနီဥဆဲလ်များဖြစ်ပေါ်စေပြီး ကိုယ်တွင်း သွေးလည်ပတ်မှုကို ကောင်းစေနိုင်သည်။ ခန္ဓာကိုယ်တွင် သံဓာတ်အားနည်းလာသည့်အခါ သွေးအားနည်းရောဂါကို ခံစားရနိုင်သောကြောင့် သံဓာတ်ကြွယ်ဝသည့် အစားအစာများကို စားသုံးရန်လိုအပ်သည်။ ထို့ကြောင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းခြင်း၊ အစာခြေစနစ်ပြဿနာများခံစားရခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ အမောမခံနိုင်ခြင်းများ မဖြစ်စေရန် ပဲပင်ပေါက်ကို စားသုံးသင့်သည်။

အမြင်အာရုံကောင်းစေနိုင်သော ပဲပင်ပေါက်

ပဲပင်ပေါက်တွင် ဗီတာမင်-A ကြွယ်ဝသောကြောင့် မျက်စိအာရုံစူးစိုက်မှုကို မြှင့်တင်ပေးပြီး အသက်အရွယ်ကြောင့်ဖြစ်သည့် အမြင်အာရုံချို့ယွင်းမှုကို ကာကွယ်ပေးပြီး အမြင်အာရုံပြဿနာများကို အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ မျက်စိအတွင်းတိမ်ဖြစ်ခြင်းကို ကာကွယ်ပေးနိုင်သောကြောင့် မျက်လုံးများ ကျန်းမာစေရန် ပဲပင်ပေါက်ကို စားသုံးသင့်သည်။

သတိပြုရမည့်အချက်များ

ပဲပင်ပေါက်သည် စိုထိုင်းဆမြင့်မားသော ပတ်ဝန်းကျင်တွင် အပင်ဖောက်ရသဖြင့် ဗက်တီးရီးယားပိုးများ ပေါက်ပွားနိုင်သောကြောင့် အစိမ်းစားပါက ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်းစသော ဆိုးကျိုးများဖြစ်စေနိုင်သဖြင့် ရေစင်အောင်ဆေးကြော ပြီးမှ ချက်ပြုတ်စားသင့်သည်။ လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသုံးခြင်းကြောင့် ဗက်တီးရီးယားများနှင့် ဓာတုပစ္စည်းများ (ဥပမာ-Sodium Hydrosulphide) ကို ဖယ်ရှားပြီးဖြစ်စေသည်။ ပဲပင်ပေါက်ကလူတိုင်းစားသုံးသင့်သည်ဆိုသော်လည်း အသက်ငါးနှစ်အောက် ကလေးများ၊ အသက် ၇၀ နှစ်နှင့်အထက်လူကြီးများ၊ ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ခံအားနည်းသူများအနေဖြင့် အလွန်အကျွံမစားသင့်ပေ။ ပဲပင်ပေါက်၏အရောင်သည် အဝါရောင်နှင့် အမည်းရောင်ပြောင်းလာခြင်း၊ လက်ဖြင့်ကိုင်ကြည့်၍ ချဲကျိကျိဖြစ်နေလျှင် မစားသင့်ပေ။

အချုပ်အားဖြင့်ဆိုသော် ပဲပင်ပေါက်သည် အာဟာရဓာတ်ကြွယ်ဝသကဲ့သို့ ခန္ဓာကိုယ်အတွက် လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်ကို ကျန်းမာစေနိုင်သည်။ ပဲပင်ပေါက်ကို ပုံမှန်စားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း သန့်ရှင်းသော ပဲပင်ဖောက်နည်းနှင့်ချက်ပြုတ်နည်းများကို အသုံးပြုရန် အရေးကြီးကြောင်း ရေးသားလိုက်ရပါသည်။

အိမ်မဲမြို့နယ်၌ ကမ္ဘာ့ကြက်ခြေနီနေ့(အကြို) ကြက်ခြေနီလှူပ်ရှားမှုအကြောင်းသိကောင်းစရာဟောပြောပွဲကျင်းပ

အိမ်မဲ မေ ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီလ ၃၀ ရက်က မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ကမ္ဘာ့ကြက်ခြေနီနေ့(အကြို) ကြက်ခြေနီလှူပ်ရှားမှုအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆုဝေထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်စန်းယုရွှေက ကြက်ခြေနီအကြောင်း၊ အခြေခံမူများ၊ လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း စသည့် ကြက်ခြေနီလှူပ်ရှားမှုအကြောင်းအရာများကို Power Point ဖြင့် အကျယ်တဝင့်ဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)

ဒေသတွင်း၌မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများထိုးနှံပေး

ပွင့်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ဒေသတွင်းမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဟောပြောခြင်းနှင့် ကျွဲ၊ နွားတိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဧပြီလ ၃၀ ရက်က သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာခမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မင်းဘူးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ရဲနန္ဒက စံပြကျေးရွာရှိ တစ်နိုင်တစ်ပိုင်နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးနှင့်တွေ့ဆုံ၍ ကျွဲ၊ နွားတိရစ္ဆာန်များ မွေးမြူရာတွင် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူရေးနည်းလမ်းများအကြောင်းကို ဆွေးနွေးဟောပြောပြီး ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝေလွင်ဦးက တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက ရက် ၁၀၀ စီမံချက်ဖြင့် သရက်အုပ်ကျေးရွာအုပ်စုရှိ ကျွဲ၊ နွား တိရစ္ဆာန်များကို ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

၂၀၂၆ ခုနှစ် မေလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဧလဇေဒခန့်မှန်းချက်

နေပြည်တော် မေ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပွလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလပျိမ်းမျှအပူချိန်၏ ၁ ဒသမ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျိမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့်သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့်ဧလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့်ပဲခူးမြို့တွင် နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည်မြဝတီမြို့တွင်ပေဝက်ခန့်၊ ဝဲန်းမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/၈လ)

တောင်ကြီးမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲကျင်းပ



တောင်ကြီး မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သစ်တောရုံးကွက်ရှိ မြို့တော်ခန်းမ၌ ဧပြီလ ၃၀ ရက် ညနေပိုင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်မှ နေပြည်တော် လူရည်ချွန်စခန်းသို့ သွားမည့် လူရည်ချွန်မောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက လူရည်ချွန်မောင်မယ်များကို အားပေးစကားပြောကြားသည်။

ရှမ်းပြည်နယ်တောင်ပိုင်းမှ လူရည်ချွန်မောင်မယ် ၂၆ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၂၀ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ၁၅ ဦး စုစုပေါင်း ၆၁ ဦးကြီးကြပ်ဆရာ၊ ဆရာမ ၁၂ ဦးတို့ ရွေးချယ်ခံရပြီး နိုင်ငံတော်က ဂုဏ်ပြုပေးအပ်သည့် လေ့လာရေးစခန်းအသီးသီးသို့ သွားရောက်မည် ဖြစ်ကြောင်း၊ နေပြည်တော်၌ ဆုံမှတ်စုရပ်တစ်ခုအဖြစ်ထားရှိပြီး မေလ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ဒေသန္တရဗဟုသုတနှင့်အခြားသော လေ့လာမှတ်သားဖွယ်ရာများအတွက် လေးရက်တိတိ လည်ပတ်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း (အခမဲ့)ဖွင့်လှစ်

ကလော မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ် ပြည်သာကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူ ပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေလ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ စျေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းသူများအနေဖြင့် သင်ကြားပေးမည့် အခြေခံစက်ချုပ်နည်းပညာများကို ကြိုးစားသင်ယူကြရန်နှင့် ရှေ့ဆက်ဖွင့်လှစ်မည့် သင်တန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး သင်တန်းနည်းပြဆရာမများက သင်ကြားပို့ချမည့်သင်ခန်းစာများအား ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသော ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ ပေးအပ်သည်။

အဆိုပါစက်ချုပ်သင်တန်းသို့ ကလော မြို့နယ်အတွင်းရှိ ပြည်သာကျေးရွာမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းပညာသင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

ဆင္ဆသင်္ဂီယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် ပူဇော်ကဗျာ

ဧယျမင်္ဂလံမော်ကွန်း

(စေးဆေစို)

✤ ဗုဒ္ဓသာသနံ အရှည်ခံလို့
ကြည်သန့်မျှို့ အစဉ်အလာတွင်
တည်တံ့ဖို့ သင်္ဂီယနာတင်
မင်္ဂလာသဘင် ဆင်နွှဲ။
ဝိဇ္ဇကတ် သုံးပုံဆောင်ကာ
ဘုန်းဂုဏ်ရောင် ထွန်းလင်းသည့်ပွဲ။

✤ မြတ်ဗုဒ္ဓ နှုတ်ကပါဠ်တော်ကို
မုက္ခပါဠ်ဖော် ဆောင်မြဲ။
အာဂုံဆောင် အောင်သည့်ပွဲမို့
နောင်အထိစွဲ တည်ရာ။
ဆင္ဆမူ နည်းမှတ်စရာ
တည်းဖြတ်ကြ ရဟန်းသံဃာ။

✤ ဤလောက ဘဒ္ဒကမ္ဟာဝယ်
မြတ်စွာသာသနာ ရောင်ခြည်ဖြိုးဖို့
ဆောင်တည်ကြိုး ပွားစည်ရန်
အားဆင့်ရည်သန်။
ကျမ်းဂန်အရှိ စာအဘိဓာန်ကို
ပါဠိအမှန် ညှိနှိုင်းလို့လေး...။

✤ ထေရဝါဒ သာသနာ့အလံကို
ဘဂဝါဘုရာ့စံ လွှင့်ထူလို့လေး...။

✤ နှစ်ခုနစ်ဆယ်ပြည့် အောင်ပွဲခံတယ်
ဧယျမင်္ဂလံ မော်ကွန်းတည့်လေး...။ ။

ရေနံ့သာမောင်ကျော်ညွှန့်

နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်အမှတ်(၁၊ ၂၊ ၃) ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေပန်းဥယျာဉ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေးရှိမင်္ဂလာကန်ပတ်ဝန်းကျင်နှင့် ပန်းခြံအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ရေပန်းဥယျာဉ်အဆင့်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကုမ္ပဏီတာဝန်ရှိသူက ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ရှိ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေစေနိုင်ရန်အတွက် အသစ်ထပ်မံတည်ဆောက်မည့်လုပ်ငန်းများကို စံချိန်စံညွှန်းအရည်အသွေးပြည့်ဝစွာ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားလုပ်ဆောင်သွားရန်မှာကြားသည်။

ယင်းနောက် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မင်္ဂလာကန်နှင့် ပန်းခြံအတွင်း လူသွားလျှောက်လမ်းများ၊ ကန်ပတ်လမ်းများ၊ ကျောက်စီမြေထိန်းနံရံများ ပြုပြင်ပြီးစီးမှုအခြေအနေ၊ မင်္ဂလာကန်အတွင်း ရေစီးဝင်/စီးထွက်မှုလမ်းကြောင်းများကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မင်္ဂလာကန်သည် အများပြည်သူများ အပန်းဖြေအနားယူသည့်နေရာဖြစ်သည့်အတွက် အမြဲတမ်းသာယာလှပစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြုပြင်နေသည့်လုပ်ငန်းများအား အချောသပ်ပြီးစီးအောင် ဆောင်ရွက်၍ မလိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား ရှင်းလင်းဖယ်ရှားရန်၊ မင်္ဂလာကန်(၁)အနီး ရေပေါ်စင်ပြန်လည်ပြုပြင်ရန်၊ မင်္ဂလာကန်ပတ်လမ်းရှိ Pergola တွင် ထွန်းညှိထားသည့် LED မီးတန်းများ အသစ်တပ်ဆင်ရန်၊ နာရီစင်အား အဆင့်မြှင့်တင်ရန်၊ မင်္ဂလာကန် သုံးဖက်ခြမ်းရှိ ပျက်စီးနေသော ကန်ပတ်လမ်းအားပြုပြင်ရန်၊ အများပြည်သူကျန်းမာရေးအတွက် အားကစားလေ့ကျင့်သည့်နေရာတွင် ပျက်စီးယိုယွင်းနေသော အားကစားလေ့ကျင့်ရေးဆိုင်ရာ ပစ္စည်းများအား စနစ်တကျပြန်လည်အစားထိုးတပ်ဆင်ပေးရန်တို့ကို ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရှိရသည်။

မြဝတီ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကျင်းပ



မုံရွာ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလုပ်ရုံ အလုပ်ရှင်များနှင့် အလုပ်သမားကြီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဒီမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလုပ်ရုံ အလုပ်ရှင်များ၊ အလုပ်သမားကြီးများနှင့် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းရေးရာ ဥပဒေစာအုပ်များ၊ တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများ၊ တိုင်းဒေသကြီးအလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကျင်းပ

မော်လမြိုင် မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဒီမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် Video Clip ကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ မုဒုံမြို့နယ် မြို့မ (၄) ရပ်ကွက်၊ ကျုံဖိုက်တံတားအနီးရှိသိန်းသန်းမြန်မာမှုပန်းပုလုပ်ငန်းသို့ ရောက်ရှိပြီး အဆိုပါ ပန်းပုလုပ်ငန်းတွင် သစ်သားဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ဇာတ်နိပါတ်ရုပ်လုံးရုပ်ကြွများ၊ အသုံးအဆောင် ပန်းပုလက်မှုပစ္စည်းများ ထုဆစ်လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရိုးရာယဉ်ကျေးမှု အတတ်ပညာများကို ထိန်းသိမ်းစောင့်ရှောက်ကာ နောင်လာနောက်သားအထိ လက်ဆင့်ကမ်းအမွေပေးနိုင်ရေး အစဉ်တစိုက် ဆောင်ရွက်ပေးသွားကြရန်၊ ပန်း (၁၀) မျိုးအတတ်ပညာဖြစ်သော မြန်မာမှုပန်းပုလုပ်ငန်း ရေရှည်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့မ(၁)ရပ်ကွက်ရှိ ဒေါ်တင်နွဲ့ရီ၏ ရက်ကန်းထည်လုပ်ငန်းသို့ ရောက်ရှိပြီး ရက်ကန်းစင်များပေါ်တွင် ကရင်ရိုးရာအဆင်ဒီဇိုင်းများရက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်ရရှိမှုနှင့် အထည်အလိပ်များထုတ်လုပ်နိုင်မှုအခြေအနေတို့ကို မေးမြန်းဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အသေးစားစက်မှုလက်မှုလုပ်ငန်းများ စုဖွဲ့၍ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသထွက်ထုတ်ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အရင်းမပျောက်ပုံမှန်လည်ပတ်ငွေဖြင့် မတည်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံ၊ RC တစ်ထပ် စံကိုက်ခွဲစိတ်ခန်း အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လူမှုရေးရာဝန်ကြီးတို့က RC တစ်ထပ် စံကိုက်ခွဲစိတ်ခန်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ဘည်းမော်ကွန်းကြေးပြားကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက အမွေးနုံသာရည်များ ပက်ဖျန်းပေးကာ စံကိုက်ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေး၍ မုဒုံပြည်သူ့ဆေးရုံ၌ တက်ရောက်နေသော လူနာများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

ပဲခူး ၈မေ ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး ဥဿာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ မဏ္ဍိုင်ကြီးသုံးရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကို လွှတ်တော်ကိုယ်စားလှယ်များက တာဝန်ယူထမ်းဆောင်ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနေနိုင်အောင် ဆောင်ရွက်ပေးရန်တာဝန်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတာဝန်ကို မိမိကျေပွန်စွာထမ်းဆောင်နိုင်ကြစေရန် ဆန္ဒပြုပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့်တစ်သားတည်းဖြစ်စေရန်နှင့် ပြည်သူလူထု၏ဆန္ဒများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း။



ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ယနေ့ ခေတ်ကာလအချိန်အခါနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ ပြင်ဆင်ဖြည့်စွက်ရန် လို၊ မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လို၊ မလိုနှင့် ပြည်သူများကိုကာကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်၊ မဟုတ်တို့ကို စိစစ်ဆောင်ရွက်ရမည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စသည့်မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် ဥပဒေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူလူထု၏ဆန္ဒများကို အထူးအလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိထားရန်လိုအပ်ပါကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်သောကိစ္စရပ်များနှင့် ပြည်သူလူထု၏ လိုလားချက်များကို အနီးစပ်ဆုံးဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းများဖွင့်လှစ်၍ လူထုနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဒေသခံပြည်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာလိုအပ်ချက်များကို နားထောင်၍ တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိမဲဆန္ဒနယ်မြေရှိ ပညာရှင်များ၊ ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်လုပ်ဆောင်ချက်များကို ပြည်သူလူထုသိရှိနားလည်ယုံကြည်မှုရှိလာစေရန် လွှတ်တော်မှ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ်တွင် လွှတ်တော်နှင့်အစိုးရအဖွဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံဒေသတွင်း ပို့မိုပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းများဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ယူစဉ်အချိန်အတွင်း ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ကဏ္ဍကိုမြင့်မားစေလိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် တစ်ထောင့်တစ်နေရာမှ အရေးပါစေရေးအတွက် ကိုယ်စားလှယ်များအနေဖြင့် အရည်အသွေး၊ အရည်အချင်းများပြည့်စုံစေရန် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ဥဿာရတနာခန်းမ၌ ပဲခူးမြို့မှ မြို့မိမြို့ဖများ၊ ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြဝတီ

မန္တလေးမြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကျင်းပ

မန္တလေး ၈မေ ၁

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့တွင် မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေနာပတိရဲသုခမ္မဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးအလုပ်သမားအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများနှင့်အတူ အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးဘူတာကြီး၌ကျင်းပသည့် အမှတ်(၆) အစုန်ရထား မန္တလေးမှ ရန်ကုန်သို့ခရီးစဉ် စတင်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ၊ စီမံ)က ရထားစီးခရီးသွားပြည်သူများအတွက် ရထားလမ်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ပြောကြားကာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်းအထိမ်းအမှတ်အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရုပ်အကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ခရီးသွားပြည်သူများအား လန်းဆန်းစာများနှင့် အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယနေ့ စတင်ပြေးဆွဲသည့် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အမှတ်(၅) အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား ခရီးစဉ်တွင် အမှတ် (၆) အစုန်ရထားသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့ နေ့စဉ် နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ အမှတ် (၅) အဆန်ရထားသည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ နေ့စဉ်နံနက်၆ နာရီတွင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၄ နာရီတွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်



အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြင်ဦးလွင် လူရည်ချွန်အပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်း၊ ငွေဆောင်အပန်းဖြေစခန်းနှင့် နေပြည်တော်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု လူရည်ချွန်မောင်မယ် ၅၀ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမလေးဦးအတွက် စုစုပေါင်းဂုဏ်ပြုငွေကျပ် ၁၀၈ သိန်းကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်အားကစားသမားများကို အားကစားပစ္စည်းများ ပေးအပ်ပြီး အမျိုးသားဘော်လီဘောပြိုင်ပွဲ ပွဲဦးထွက်ပွဲစဉ်အဖြစ် အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ၈မေ ၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/၈လ)

၁-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကျင်းပ

ထားဝယ် ၊ မေ ၁

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေနာပတိချုပ် ဗိုလ်မှူးကြီး မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဖတ်ကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ကျွန်းစု မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးများမှ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမား ၁၂၄ ဦးအား တစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီတစ်လီတာနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၁၀၅၉၁၀၀၀ ကိုပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip နှင့် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့တို့၏ အလုပ်သမားရေးရာ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားရေးရာဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ စာအုပ်စာတမ်းများပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက်ထွက်ရှိသည့်ဒေသထွက်ကုန်နှင့် ဒေသထွက်စားသောက်ကုန်များ၊ ကုန်ကြမ်းများ၊ MSME ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းတွင် ဒေသထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်သစ်သားများ၊ တန်ဖိုးမြှင့် ရေရှည်စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း အရောင်းပြခန်း ၃၂ ခန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိညှိများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ချင်းပြည်နယ် ဟားခါးမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



ဟားခါး ၊ မေ ၁

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေရစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်ဌမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အထိမ်းအမှတ် Video Clip ကိုပြသပြီး ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းရှင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပရာ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့၏ နောက်ခံသမိုင်းကြောင်းနှင့် အလုပ်သမားများအတွက် ဆောင်ရွက်ပေးမှုများကို ပြည်နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးဟုန်းကီးကလည်းကောင်း၊ အလုပ်သမားများ၏ လူမှုစီးပွားဆိုင်ရာအရေးပါမှုခေါင်းစဉ်ဖြင့် ပြည်နယ်ပညာရေးမှူး ဦးရွှေလိန်းကလည်းကောင်း၊ နည်းပညာနှင့် Skillful Labour များမွေးထုတ်ခြင်းခေါင်းစဉ်ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဦးဗန်ဘွေထောင်းကလည်းကောင်း၊ အလုပ်သမားများ၏ Safe Migration အတွက် အခြေခံလိုအပ်ချက်များ ခေါင်းစဉ်ဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးရဲမင်းမြတ်ကလည်းကောင်း၊ ပိုမိုဖွံ့ဖြိုးတိုးတက်လာသော အလုပ်သမားဥပဒေများ ခေါင်းစဉ်ဖြင့် ဟားခါးတက္ကသိုလ်မှ ဒေါက်တာနီနီခိုင်ကလည်းကောင်း၊ အလုပ်သမားတို့၏ မျှတသောဘဝအတွက် မျှော်လင့်ချက်နှင့် ယနေ့ခေတ် အလုပ်သမားအခွင့်အရေးများ၏ ဖွံ့ဖြိုးတိုးတက်မှုခေါင်းစဉ်ဖြင့် ဟားခါးတက္ကသိုလ်မှဒေါ်စွန်ရူပါမြင့်ကလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးကြပြီး ဟောပြောဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကျင်းပ



မြစ်ကြီးနား ၊ မေ ၁

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ (May Day) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အလုပ်သမားရေးရာဦးစီးဌာနက ကြီးမှူး၍ မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အလုပ်သမားအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေရစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ထံမှပေးပို့သော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဖတ်ကြားသည်။

ယင်းနောက် အလုပ်သမားရေးရာလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းတင် Video Clip ကို ပြသရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အလုပ်ရှင်/အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားရေးရာဥပဒေများပြဋ္ဌာန်းကာ ဖြေရှင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အထိမ်းအမှတ်အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



မကွေး ၊ မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူအဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများနှင့်အတူ အလုပ်သမားဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများ Video Clip ကို ကြည့်ရှုအားပေးပြီး စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို မည်သို့ကာကွယ်မည်နည်း

နေလင်းသူ

မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များအရ ကျွန်ုပ်တို့သည် ရာသီဥတုပြောင်းလဲမှု၏ကြီးမားသောသက်ရောက်မှုများကို ပိုမိုခံစားလာရသည်။ အထူးသဖြင့် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုနှင့်အပူချိန်လွန်ကဲမှုတို့သည် ကျွန်ုပ်တို့၏ လူနေမှုဘဝနှင့်စီးပွားရေးကို ခြိမ်းခြောက်နေသည်။ နိုင်ငံသားတိုင်းသည် ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များ၊ လူသားတို့၏ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့်လက်တွေ့ကျသော ကာကွယ်ရေးနည်းလမ်းများကို သိရှိနားလည်ရန်လိုအပ်ပေသည်။

ရာသီဥတုဖောက်ပြန်မှုနှင့် မကြာခဏဖြစ်ပေါ်လာသော ဘေးဒဏ်များ

ယနေ့ခေတ်တွင် ရာသီဥတုပုံစံများသည် ပုံမှန်မဟုတ်တော့ဘဲ ပြင်းထန်သည့်သဘာဝဘေးအန္တရာယ်များကို မကြာခဏဖြစ်ပေါ်စေသည်။ ရာသီဥတုဖောက်ပြန်မှုသည် ယနေ့ကမ္ဘာကြီးတွင် ကြုံတွေ့နေရသော အကြီးမားဆုံးနှင့် အရေးကြီးဆုံးသော စိန်ခေါ်မှုဖြစ်သည်။ ဤဖောက်ပြန်မှု၏ထင်ရှားသော အကျိုးဆက်တစ်ခုမှာ ကမ္ဘာတစ်ဝန်းတွင် မကြာခဏနှင့်ပိုမိုပြင်းထန်သောသဘာဝဘေးဒဏ်များဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ ဤဖြစ်ရပ်နှစ်ခုအကြား တိုက်ရိုက်ဆက်စပ်မှုရှိနေပြီး ဤအခြေအနေသည် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးများကို ကြီးမားသော ထိခိုက်မှုများပေးလျက်ရှိသည်။

ရေကြီးရေလျှံမှုများ ပိုမိုပြင်းထန်လာခြင်း

မြန်မာနိုင်ငံ၏ပထဝီအနေအထားအရ မြစ်ချောင်းအင်းအိုင်များပေါများခြင်း၊ ကမ်းရိုးတန်းဒေသများ ရှိခြင်းတို့ကြောင့် ရေကြီးမှုသည် အမြဲတစေကြုံတွေ့ရသောဘေးအန္တရာယ်ဖြစ်သည်။ သို့သော် ယခုအခါ ရေကြီးမှုများသည် ယခင်ကထက် ပိုမိုဖြစ်ပွားလာပြီး ပျက်စီးဆုံးရှုံးထိခိုက်မှုလည်း ပိုမိုများပြားလာသည်။

- **မိုးရေချိန်လွန်ကဲခြင်း။** မိုးရာသီအတွင်း မိုးရွာသွန်းမှုစုစုပေါင်းပမာဏမပြောင်းလဲသော်လည်း အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များ ပိုမိုများပြားလာသည်။ ထိုသို့ ရုတ်တရက် ရေများကျဆင်းလာခြင်းကြောင့် မြစ်ရေလျှံမှု၊ မြို့ပြရေကြီးမှုများနှင့် မြေပြိုမှုများလျင်မြန်စွာ ဖြစ်ပေါ်စေသည်။ တစ်ခါတစ်ရံတွင် မိုးရေချိန်အနည်းငယ်ဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွားသည်ကို တွေ့ရသည်။
- **မုန်တိုင်းနှင့်ဒီရေလှိုင်းများ။** ပင်လယ်ကွေ့မှ ဝင်ရောက်လာသော မုန်တိုင်းများသည် လေပြင်း၊ မိုးသည်းထန်မှုအပြင် မုန်တိုင်းဒီရေလှိုင်းများကိုပါ သယ်ဆောင်လာသဖြင့် ကမ်းရိုးတန်းနှင့်မြစ်ဝကျွန်းပေါ်ဒေသများတွင် ဆူနာမီကဲ့သို့သော ရေလွှမ်းမိုးမှုအကျယ်အဝန်းကို တိုးမြှင့်စေသည်။
- **ပျက်စီးဆုံးရှုံးမှုကြီးမားခြင်း။** ရေကြီးမှုကြောင့် လယ်ယာသီးနှံများပျက်စီးခြင်း၊ လမ်းတံတားနှင့်အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ သောက်သုံးရေပြစ်ညမ်းမှုနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပေါ်ပေါက်လာခြင်းတို့ကြောင့် လူမှုစီးပွားဘဝ ထိခိုက်မှုများပြားလာသည်။

မိုးခေါင်ရေရှားမှုနှင့် စိုက်ပျိုးရေးထိခိုက်မှု

တစ်ချိန်တည်းမှာပင် အချို့ဒေသများတွင် ဆန့်ကျင်ဘက်ဖြစ်သော မိုးခေါင်ရေရှားမှုကိုလည်း ရင်ဆိုင်နေရသည်။ မိုးဦးစောခြင်း၊ မိုးနှောင်းနောက်ကျခြင်း သို့မဟုတ် မိုးရွာသွန်းမည့်အချိန်တွင် မိုးရွာသွန်းမှုမရှိဘဲ ပူပြင်းခြောက်သွေ့ခြင်း အစရှိသောမိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်းများသည် သမားရိုးကျစိုက်ပျိုးရေးလုပ်ငန်းများအတွက် ကြီးမားသောစိန်ခေါ်မှုများဖြစ်လာသည်။ ထို့ပြင် ရေအရင်းအမြစ် ခန်းခြောက်လာခြင်းကြောင့် လူသားတို့၏ သောက်သုံးရေဖူလုံရေးနှင့် စိုက်ပျိုးရေလိုအပ်ချက်များအတွက် ပြင်းထန်သောစိန်ခေါ်မှုများကိုဖြစ်ပေါ်စေသည်။

> ❐ **မိမိတို့နေထိုင်ရာအိမ်ပတ်ဝန်းကျင်၊ အများပြည်သူပိုင်နေရာများတွင် သင့်လျော်သော သစ်ပင်ပန်းပင်များ၊ အထူးသဖြင့် ရေထိန်းသိမ်းမှုအားကောင်းမွန်သည့် သစ်မျိုးစိတ်များကို စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းတွင် ပါဝင်ဆောင်ရွက်သင့် . . .**
>
> ❐ **သစ်တောများအား မီးဘေးနှင့်တရားမဝင်ခုတ်ယူမှုများမှ ကာကွယ်ခြင်းဖြင့် မြေပြိုမှု၊ ရေကြီးမှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင် . . .**

အပူချိန်လွန်ကဲမှု၏ကျန်းမာရေးသက်ရောက်မှု

ကမ္ဘာကြီးပူနွေးလာမှု၏ရလဒ်အဖြစ် မြန်မာနိုင်ငံ၏အပူချိန်မြင့်တက်လာမှုသည် နှစ်စဉ်နှစ်တိုင်း စံချိန်သစ်များတင်လျက်ရှိသည်။ နွေရာသီတွင် နေ့အပူချိန်သာမက ညအပူချိန်ပါ မြင့်မားလာခြင်းကြောင့် အပူရှူပ်ခြင်း(Heatstroke)ကဲ့သို့သော ကျန်းမာရေးပြဿနာများတိုးလာသည်။ အပြင်ဘက်တွင် လုပ်ငန်းလုပ်ကိုင်ရသူများ၊ သက်ကြီးရွယ်အို များနှင့် ကလေးသူငယ်များအတွက် အထူးသဖြင့် အန္တရာယ်ရှိသည်။ လွန်ကဲသောအပူချိန်သည် လယ်ယာလုပ်ငန်းနှင့်အခြားပြင်ပလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကိုကျဆင်းစေပြီး နိုင်ငံ၏စီးပွားရေးကုန်ထုတ်လုပ်မှုကိုပါ သွယ်ဝိုက်သောအားဖြင့် ထိခိုက်စေသည်။

လူသားတို့၏ စည်းကမ်းမဲ့လုပ်ဆောင်ချက်များသည် ရာသီဥတုဖောက်ပြန်မှုများအပြင် သဘာဝဘေးအန္တရာယ်များ၏အကျိုးဆက်များကို သိသိသာသာပိုမိုဆိုးရွားစေသည်။

စွန့်ပစ်ပစ္စည်းများနှင့် ရေစီးရေလာပိတ်ဆို့မှု

မြို့ပြနှင့်ကျေးလက်ဒေသများတွင် အမှိုက်များကို စနစ်တကျမစွန့်ပစ်ခြင်းသည် ရေကြီးမှုများကို ပိုမိုဆိုးရွားစေသည့်အဓိကအချက်များထဲမှတစ်ခုဖြစ်သည်။ ပလတ်စတစ်ထုတ်ကုန်များနှင့်ပုလင်းများသည် ဆွေးမြည့်ပျက်စီးရန် နှစ်ပေါင်းများစွာကြာမြင့်သောကြောင့် ရေနုတ်မြောင်းများ၊ မြောင်းများ၊ ချောင်းငယ်များ၏ ရေစီးရေလာလမ်းကြောင်းကို လုံးဝပိတ်ဆို့လိုက်သည်။ ရေစီးလမ်းကြောင်းများ ပိတ်ဆို့သွားသည့်အခါ မိုးသည်းထန်စွာရွာသွန်းသည့်အခါတွင် ရေများစုပုံလာပြီး မြို့ပြရေကြီးမှုများကို လျင်မြန်စွာဖြစ်ပေါ်စေကာ လူနေအိမ်ရာများ၊ လမ်းများနှင့်လုပ်ငန်းများကို ရုတ်တရက်ရေဝင်ရောက်စေသည်။ ရေဘေးဒဏ်ကို မြို့ပြနေပြည်သူများ ပိုမိုခံစားရခြင်း၏ အကြောင်းရင်းများအနက် ဤအချက်သည် အဓိကကျသည်။ အမှိုက်ပိတ်ဆို့မှုသည် ရေဆိုးစနစ်ကိုပါ ထိခိုက်စေသဖြင့် ရေကြီးချိန်တွင် ရောဂါပိုးမွှားများပါသည့်ရေများနှင့်ထိတွေ့မှုကြောင့် ကျန်းမာရေးဘေးအန္တရာယ်များပါ တိုးလာသည်။

သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှု

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရှုထောင့်မှကြည့်လျှင် သစ်တောများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ သစ်ပင်များသည် မိုးရေကို မြေကြီးထဲသို့ စိမ့်ဝင်စေပြီး မြစ်ချောင်းများအတွင်း ရုတ်တရက်ရေတက်လာမှုကို ထိန်းချုပ်ပေးသည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထိန်းသိမ်းမှုစွမ်းအင် ကျဆင်းလာပြီး ရေများလျင်မြန်စွာစီးဆင်း၍ ရေကြီးရေလျှံမှုကို ပိုမိုပြင်းထန်စေသည်။ ထို့ပြင် သစ်ပင်များ၏အမြစ်များသည် မြေဆီလွှာကိုခိုင်ခန့်စွာ ဆုပ်ကိုင်၍ ထိန်းချုပ်ထားပေးသည်။ သစ်ပင်များမရှိတော့ပါက မိုးသည်းထန်စွာရွာသွန်းသည့်အခါ မြေကြီးသည် လျင်မြန်စွာပြိုကျပြီး ဘေးအန္တရာယ်များစွာကို ပိုမိုဖြစ်ပေါ်စေသည်။

မြစ်ချောင်းနှင့်ကမ်းရိုးတန်းဂေဟစနစ်ဖျက်ဆီးမှု

သဘာဝအတိုင်း တည်ရှိသောဂေဟစနစ်များကို ဖျက်ဆီးမိခြင်းသည် သဘာဝဘေးဒဏ်ခံနိုင်ရည်အားကိုလျော့ကျစေသည်။ ကမ်းရိုးတန်းဒေသရှိဒီရေတောများသည် **မုန်တိုင်းဒီရေလှိုင်း**၏ ရိုက်ခတ်မှုကို စုပ်ယူကာကွယ်ပေးနိုင်သောသဘာဝကာကွယ်ရေးအရန်အတားဖြစ်သည်။ ဒီရေတောများကိုဖျက်ဆီးပြီး ပုစွန်ကန်များပြောင်းလဲပြုလုပ်ခြင်းသည် ကမ်းရိုးတန်းဒေသကို မုန်တိုင်းဒဏ်ပိုမိုခံရစေသည်။ မြစ်ကမ်းပါးများတွင် စည်းကမ်းမဲ့ကျူးကျော်ဆောက်လုပ်ခြင်း၊ မြစ်ကြောင်းများအတွင်း ရွှံ့ညွန့်ပို့ချမှုများ များပြားခြင်းတို့ကြောင့်လည်း မြစ်များတိမ်ကောလာပြီး ရေပမာဏအနည်းငယ်နှင့်ပင် ရေကြီးမှုကိုဖြစ်ပေါ်စေသည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသည် နိုင်ငံတော်အစိုးရ၏တာဝန်သာမကဘဲ နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိပတ်ဝန်းကျင်မှစတင်၍ ကာကွယ်ခြင်းဖြင့် နိုင်ငံ၏သဘာဝဘေးဒဏ်ခံနိုင်ရည်အားကို မြှင့်တင်နိုင်မည်ဖြစ်သည်။

စနစ်တကျစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်း

ရေကြီးမှုအန္တရာယ်ကို လျော့ချရန်အတွက် အထိရောက်ဆုံးနှင့် အရေးအကြီးဆုံးသော နည်းလမ်းမှာ အမှိုက်စွန့်ပစ်မှုစည်းကမ်းကို လိုက်နာခြင်းဖြစ်သည်။ အပင်အကြွင်းအကျန်၊ အစားအစာ အစရှိသည့် ဆွေးမြည့်လွယ်သောအမှိုက်နှင့် ပလတ်စတစ်၊ ဖန်၊ သတ္တုအစရှိသည့် ဆွေးမြည့်ရန်ခက်ခဲသောအမှိုက်များကိုစနစ်တကျခွဲခြား၍ သတ်မှတ်ထားသည့်နေရာများတွင် စွန့်ပစ်ခြင်းဖြင့် စတင်ဆောင်ရွက်သင့်သည်။ ရေနုတ်မြောင်း၊ မြစ်ချောင်း၊ ကန်များအတွင်းသို့ ပလတ်စတစ်အမှိုက်များ လုံးဝမရောက်ရှိစေရန် တင်းကျပ်စွာလိုက်နာဆောင်ရွက်သင့်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ရေစီးရေလာပိုမိုကောင်းမွန်စေပြီး ရေကြီးမှုများကို သိသိသာသာလျော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် အကြိမ်ကြိမ်သုံးနိုင်သော ပစ္စည်းများ၊ အဝတ်အိတ်များကို အစားထိုးသုံးစွဲခြင်းဖြင့် ပလတ်စတစ်သုံးစွဲမှုကို လျော့ချခြင်းဖြင့်လည်း ကာကွယ်နိုင်မည်ဖြစ်သည်။

စိမ်းလန်းစိုပြည်အောင်စိုက်ပျိုးခြင်းနှင့် သဘာဝကို ထိန်းသိမ်းခြင်း

သစ်တောနှင့်သစ်ပင်များသည် သဘာဝဘေးအန္တရာယ်များကို ဟန့်တားပေးသောအကောင်းဆုံးမဟာမိတ်များဖြစ်သည်။ မိမိတို့နေထိုင်ရာအိမ်ပတ်ဝန်းကျင်၊ အများပြည်သူပိုင်နေရာများတွင် သင့်လျော်သောသစ်ပင်ပန်းပင်များ၊ အထူးသဖြင့် ရေထိန်းသိမ်းမှုအားကောင်းမွန်သည့် သစ်မျိုးစိတ်များကို စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းတွင် ပါဝင်ဆောင်ရွက်သင့်သည်။ ကမ်းရိုးတန်းဒေသတွင် နေထိုင်သူများအနေဖြင့် ဒီရေတောများကို တန်ဖိုးထားထိန်းသိမ်းရမည့်အပြင် ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ဒီရေတောများသည် ကမ်းရိုးတန်းရေကြီးမှုနှင့်မုန်တိုင်းဒဏ်ကိုလျော့ချပေးနိုင်သည့် သဘာဝအရန်အတားအဆီးများဖြစ်သည်။ ထို့အတူ တောင်ပေါ်ဒေသများတွင် နေထိုင်သူများအနေဖြင့်လည်း သစ်တောများအား မီးဘေးနှင့်တရားမဝင်ခုတ်ယူမှုများမှကာကွယ်ခြင်းဖြင့် မြေပြိုမှု၊ ရေကြီးမှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ကြိုတင်ပြင်ဆင်မှုနှင့် အသိပညာမြှင့်တင်ခြင်း

သဘာဝဘေးစီမံခန့်ခွဲမှု၏အဓိကသော့ချက်မှာ အသိပညာနှင့် ကြိုတင်ပြင်ဆင်မှုပင်ဖြစ်သည်။ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာခန့်မှန်းချက်များကို ပုံမှန်နားထောင်ခြင်း၊ အသိပေးချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ရေကြီးမှု၊ ငလျင်စသည့်ဘေးအန္တရာယ်များ ကြုံလာပါက မိသားစုဝင်အားလုံး မည်သည့်နေရာတွင် စုဝေးရမည်၊ မည်သည့်အရာများကိုယူဆောင်ရမည် စသည့်အရေးပေါ်အစီအစဉ်များကို ကြိုတင်ရေးဆွဲထားရမည်။ မိမိတို့ပတ်ဝန်းကျင်ဒေသရှိ လူငယ်များ၊ ကျောင်းသားများနှင့် လူထုများကြားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာပညာပေးဆွေးနွေးပွဲများ၊ လှုပ်ရှားမှုများပြုလုပ်ခြင်းဖြင့် အသိပညာကိုဖြန့်ဝေဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုဖောက်ပြန်မှု၏အကျိုးဆက်များသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့်စိန်ခေါ်မှုများဖြစ်နေသည်။ ရေကြီးမှုကဲ့သို့သောဘေးအန္တရာယ်များသည် လူသားများ၏ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကပိုမိုဆိုးရွားစေသည်ကို ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်သည်။ မိမိတို့နိုင်ငံသားအားလုံးသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း စသည့်တာဝန်ယူမှုရှိသောအပြုအမူများကို စတင်လုပ်ဆောင်ခြင်းဖြင့် ရာသီဥတုဖောက်ပြန်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်သက်ရောက်မှုများကို လျော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဟူသည့်ဆောင်ပုဒ်နှင့်အညီ မိမိတို့ပတ်ဝန်းကျင်မှစတင်၍ သစ်ပင်စိုက်ခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း စသည့်သေးငယ်သော ပြောင်းလဲမှုများသည် နိုင်ငံအတွက်ကြီးမားသည့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာစွမ်းအားများဖြစ်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ပုသိမ် မေ ၁

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလုပ်ရှင်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်ဃာနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အလုပ်သမားဝန်ကြီးဌာန၏လုပ်ဆောင်ချက် Video Clip ကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ လေးထပ်ကွမ်းလူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ယင်းနောက်လူရည်ချွန်မောင်မယ်များကို လက်ဖက်ရည်ပိုင်းဖြင့်ဂုဏ်ပြုဧည့်ခံခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ဘားအံမြို့၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကျင်းပ

ဘားအံ မေ ၁

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်ဃာနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာသူများနှင့်အတူ အလုပ်သမားဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု Video Clip ပြသမှု၊ အလုပ်သမားနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေကရင်ဒိုးပတ်ဝိုင်း၏ဖျော်ဖြေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အလုပ်သမားနေ့သီချင်းဖြင့် ကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့တွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများအားပေးအပ်ချီးမြှင့်ပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် သက်ဆိုင်ရာဦးစီးဌာနများမှ ခင်းကျင်းပြသထားသော အလုပ်သမားနေ့အထိမ်းအမှတ် ပြခန်းမှတ်တမ်းဓာတ်ပုံများအား



ကြည့်ရှုအားပေးသည်။

ယမန်နေ့ကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့၏ကျက်သရေဆောင်ရွယ်ဥမ္မော် ပြည်တော်ဧစေတီတော်မြတ်၌ကျင်းပသည့် ဆရာတော် သံဃာတော်၊ သီလရှင် ၂၃၈၀ ပါးအား ပဲအမျိုးမျိုးများကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများသည် ရွှေယဉ်မျှော်ပြည်တော်ဧစေတီတော်ချမ်းသာကြီးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဂေါပကအဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ရွှေယဉ်မျှော်ပြည်တော်ဧစေတီတော်ဂန္ဓကုဋီတိုက်အား ကြည်ညိုပူဇော်ပြီး ပရိဘောဂဧစေတီထိုက်သော မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်သည်။

ယင်းနောက် ကရင်ပြည်နယ် ဘားအံမြို့ရွှေယဉ်မျှော်ပြည်တော်ဧစေတီတော်၏ ဩဝါဒဆရာတော်ကြီးများက ဦးဆောင်၍ ဘားအံမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၅၇ ကျောင်း၊ သီလရှင်ကျောင်း ၁၅ ကျောင်းတို့မှ ဆရာတော် သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင် ၂၃၈၀ ပါးအား ပဲအမျိုးမျိုးများကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းနှင့်လေသာကျောင်းထောင်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) စတုဒိသာမင်္ဂလာအခမ်းအနားတက်ရောက်ကြပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်များနှင့် စေတနာရှင်ပြည်သူများမှ မဏ္ဍပ်တည် ဆောက်၍ မြန်မာမုန့် အမျိုးမျိုး၊ အချိုရည်၊ စားဖွယ်စုံ၊ အကြော်အမျိုးမျိုး တို့ဖြင့် စတုဒိသာတည်ခင်းဧည့်ခံကျွေးမွေးမှုကိုကြည့်ရှုအားပေးကာ ဒေသခံပြည်သူများနှင့်အတူ ကဆုန်လပြည့်(ဗုဒ္ဓနေ့) စတုဒိသာလှူဒါန်းပွဲကို ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော် ဘူတာကြီး ဘဝသံသရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် တက်ရောက်လာကြသူများနှင့်အတူ (၁၄၉) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုအား ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်ကာလအတွင်း မီးရထားတိုင်းနယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည် အကောင်းဆုံးဆုများ၊ တစ်နှစ်ကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်း ၉၁ ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

ပန်းပင်ရေလောင်းလျှင်ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုပါ။

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ခဲ့အတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် မေ ၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၂၆ ရက် ည ၈ နာရီမှ ၃၀-၄-၂၀၂၆ ရက် ည ၈ နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ၊ မေ ၁

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိတပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ တပ်မတော်ဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး



အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဦင် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

(၁၀၀)

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်က တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ၊ မေ ၁

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိတောင်ငူလေတပ်စခန်းဌာနချုပ်၌ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများကလည်း ကောင်း၊ တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။


အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကွပ်ကဲမှုအောက်ရှိလေတပ်ကွပ်ကဲမှုဌာနချုပ်များ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဧပြီလ ၂၇ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

➋ ကျောဖုံးမှအဆက်

နိုင်ငံအတွင်းသို့ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူးကူးတို့ဆိပ်၌ တရားမဝင် ပြည်ပနိုင်ငံသားများရောက်ရှိနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ယနေ့နံနက်ပိုင်း ၂ နာရီခန့်တွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၃ ဦးအား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ အဆိုပါဖမ်းဆီးရမိသူများ၏ ကနဦးထွက်ဆိုချက်အရ ၎င်းတို့သည်ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လိုက်လံရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိသဖြင့် တရုတ်နိုင်ငံသို့ ပြန်ရန်အတွက် တောလမ်းအတိုင်းထွက်ပြေးလာစဉ်ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်းသိရှိရသည်။



ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦးအား ဖမ်းဆီးရမိသည့်နေရာပြပုံ။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတို့ကိုဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်း လိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

❍ အာရှယူ-၁၇ မှ

ပွဲကစားချိန် ၇ မိနစ်တွင် တရုတ်အသင်း၏ ဦးဆောင်ဂိုးကိုခွင့်ပြုပေးလိုက်ရသည်။

မြန်မာအသင်းအကောင်းဆုံးခံစစ်ကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၃၀ တွင် ဒုတိယဂိုးနှင့် ပွဲကစားချိန် မိနစ် ၄၀ တွင် တတိယဂိုးတို့ကို တရုတ်အသင်းက သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် တရုတ်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ပွဲကိုပိုမိုထိရောက်ဖိအားပေးနိုင်ရန် တရုတ်အသင်း လူစားလဲမှုများပြုလုပ်လာသည်။ မြန်မာဂိုးသမားသည် တရုတ်အသင်း၏ဖိအားပေးတိုက်စစ်ကို ဒုတိယပိုင်းပြန်စကတည်းက အကြိမ်ကြိမ် ဟန့်တားကာကွယ်ခဲ့ရသည်။

အိမ်ရှင်တရုတ်အသင်းသည် ပွဲကစားချိန် ၆၆ မိနစ်တွင် ဧရိယာပြင်ပကရရှိသည့် ပြစ်ဒဏ်ဘောမှ စတုတ္ထဂိုးကိုသွင်းယူခဲ့သည်။

ပွဲကစားချိန် ၇၂ မိနစ်တွင် ပယ်နယ်တီမှ ပဉ္စမမြောက်ဂိုးနှင့် ပွဲကစားချိန် ၈၅ မိနစ်တွင် ဆဋ္ဌမဂိုးတို့ကို ထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၆ ဂိုး ဂိုးမရှိဖြင့် တရုတ်အသင်းက အနိုင်ရရှိသွားကြောင်းသိရသည်။

ဝန်းရံခ

ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်နေမှု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်း တွင်ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဝဇီရာရုပ်ရှင်ရုံရှင်းလင်းဆောင်၌ ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်နေမှု လုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌနှင့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဝဇီရာရုပ်ရှင်ရုံသမိုင်းကြောင်း၊ ပြန်လည်ပြင်ဆင်မွမ်းမံနေမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံသည် ရုပ်ရှင်ရုံတစ်ခုတည်း မဟုတ်ဘဲ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ အနုပညာရပ်များ ဆုံစည်းရာနေရာဖြစ်လာမည်ဖြစ်သဖြင့် ရေရှည်လည်ပတ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည် ရှေးဟောင်းအမွေအနှစ်ရုပ်ရှင်ရုံဖြစ်သဖြင့် တန်ဖိုးထားထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ရုပ်ရှင်ရုံပြုပြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲလာရောက်ကြည့်ရှုစဉ် လမ်းညွှန်မှာကြားချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် နှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းအား အပိုင်းလိုက်ပြုပြင်ပြီးစီးမှုများ၊ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များအား စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝဇီရာရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် မြန်မာ့မီးရထားဝင်းအတွင်း ယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ရုံများမှာ ရုံတင်ခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ၊ အွန်လိုင်းရုပ်ရှင်ဇာတ်ကားများ၊ ရုပ်သံလိုင်းများက ထုတ်လွှင့်ပြသသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကား၊ မြန်မာစာတန်းထိုးနိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများနွေးထွေးစွာ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း ဇာတ်ကားများ စိစစ်ကြည့်ရှုစစ်ဆေးပေးရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် မိမိ၏ အတွေ့အကြုံဉာဏ်ပညာနှင့် မိမိတို့၏ကိုယ်ပိုင်အချိန်များစွာကိုပေးပြီး အနစ်နာခံဆောင်ရွက်ပေးသည်ကို ကြားသိရသည့်အတွက် ဆင်ဆာအဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးတင်ပါကြောင်း။

ရုံတင်ပြသသည့် မြန်မာ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများပြသခြင်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကရုပ်သံလွှင့်ကုမ္ပဏီများ၊ Content Provider များသည် ပြည်သူ့ကို ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့် တာဝန်များကိုမျှဝေလုပ်ဆောင်နေရခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့် တီထွင်ကြံဆဖန်တီးရသည့် ပညာရပ်ဖြစ်၍ အချို့အနုပညာဖန်တီးမှုများသည် လွန်ကဲသောဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက် အဆိပ်အတောက်ဖြစ်နိုင်သော အနုပညာဖန်တီးမှုဖြစ်သွားနိုင်သဖြင့် မူလဖန်တီးထုတ်လုပ်သည့် အနုပညာရှင်များက သတိဝိရိယကြီးစွာဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း စိစစ်အကဲဖြတ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆင်ဆာအဖွဲ့ဝင်များကိုယ်စား အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် တက်ရောက်လာသူများက ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာနှင့်ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ မော်ကွန်းရုပ်ရှင်သို့ သွားရောက်၍ ရက်(၁၀၀)စီမံချက်တွင် ပါဝင်သည့် ရုပ်ရှင်သင်တန်းများဖွင့်လှစ်မည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးအား မော်ကွန်းရုပ်ရှင်အစည်းအဝေးခန်းမ၌ Forever Group ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Forver Group မှ ဆောင်ရွက်နေသည့် ရုပ်သံလိုင်းများ၊ သင်တန်းကျောင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရက် (၁၀၀) စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိ နှိုင်းဆောင်ရွက်ပေးပြီး မော်ကွန်းရုပ်ရှင်အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မြဝတီ

အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အိန္ဒိယရေတပ် ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြန်မာနိုင်ငံတွင် မေလ ၆ ရက်အထိ နေထိုင်၍ အထင်ကရနေရာများသို့သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်များ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(၁၀၀)



ရေတပ်လေ့ကျင့်ရေးဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ခွန်အောင်ကျော်နှင့်တာဝန်ရှိသူများက အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

မိုးနဲမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာအရောင်းဆိုင်များကြည့်ရှုစစ်ဆေး

မိုးနဲ မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာအရောင်းဆိုင်များ၌ အရည်အသွေးနိမ့်ဓာတ်မြေဩဇာများ ရောင်းချနေမှု ရှိ၊ မရှိ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြပါဝင်သည့် အချက်အလက်များ ကိုက်ညီမှု ရှိ၊ မရှိကို ယမန်နေ့က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးနှင့် ဝန်ထမ်းများက ဓာတ်မြေဩဇာအရောင်းဆိုင်များ၌ ရောင်းချနေသော လယ်ယာမြေသုံး သွင်းအားစု၊ အရည်အသွေးနိမ့်မြေဩဇာများ ပြန်လည်ထုပ်ပိုးပြီး အတုများပြုလုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ၊ ဈေးနှုန်းမြှင့်ရောင်းချခြင်း ရှိ၊ မရှိ၊ ဈေးကွက်အတွင်း ရောင်းချနေသော ဓာတ်မြေဩဇာများတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြပါဝင်ခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဈေးကွက်အတွင်း သက်ဆိုင်ရာဌာနများမှ တားမြစ်ပိတ်ပင်ထားသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချခြင်းမပြုလုပ်ရန်၊ တရားဝင်မှတ်ပုံတင်ထားသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသာ တင်သွင်းရောင်းချရန် အသိပညာပေးဟောပြောကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

မြို့	အနိမ့်ဆုံး /	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၂°c /	၃၅°c
ရန်ကုန်	၂၄°c /	၃၈°c
မန္တလေး	၂၅°c /	၃၈°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများစနစ်တကျသွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှုစနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဆက်သွယ်ရေးကုမ္ပဏီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ဆက်သွယ်ရေးကြိုးများနှင့်လျှပ်စစ်မီးကြိုးများကို မြို့အင်္ဂါရုပ်နှင့်အညီ စနစ်တကျရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရေးကုမ္ပဏီများပူးပေါင်း၍ ဆောင်ရွက်ရန်၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည့် ပြည်လမ်းတစ်လျှောက် (Under Ground Cable Network) ချိတ်ဆက်မှုများသည် ကောင်းမွန်သဖြင့် ကမ္ဘာအေးဘုရားလမ်း၊ ဝေဇယန္တာလမ်းတစ်လျှောက် စီမံချက်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်၍ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက်အကောင်အထည်ဖော်ရာတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးကွန်ရက် တိုးချဲ့တည်ဆောက်ရေးပေါင်းစပ်ညှိနှိုင်းကော်မတီနှင့် ခရိုင်အဆင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ဖယ်ရှားရှင်းလင်းရေးအဖွဲ့များက စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီးအစိုးရ၊ ဆက်သွယ်ရေးဥက္ကဋ္ဌကြားမှဦးစီးဌာနများမှ လိုအပ်သလိုပူးပေါင်းဆောင်ရွက်ရန်၊ ဆက်သွယ်ရေးအော်ပရေတာလေးဦးနှင့်ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် ဆောင်ရွက်မှုအားလုံးတွင်



ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်၊ လက်ရှိနိုင်ငံတကာတွင် သက်ရောက်မှုကြီးမားနေသည့် လောင်စာဆီ အကျပ်အတည်းဖြစ်ပေါ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရေးအတွက် အော်ပရေတာ အချင်းချင်းအရင်းအမြစ်များကို မျှဝေအသုံးပြုခြင်းဖြင့် ကွန်ရက်စနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ပေါ်တွင် မော်တော်ဆိုင်ကယ်နှင့် အနေးယာဉ်မဝင်ရသော လမ်းများ၌ စည်းကမ်းမဲ့စွာဝင်ရောက်နေသော မော်တော်ဆိုင်ကယ်နှင့်အနေးယာဉ်များအား စည်းကမ်းတကျရှိစေရေးဆောင်ရွက်ရန်၊ အိတ်ဇောဖွင့်မော်တော်ယာဉ်များ၊ အုပ်စုဖွဲ့၍ ပြိုင်ကားပုံစံမောင်းနှင်မှုများ၊ ယာဉ်ရပ်နားခွင့်မပြုသောနေရာများတွင်ရပ်နားထားသောယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်စသည်တို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆက်သွယ်ရေးညှိနှိုင်းကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အော်ပရေတာများနှင့်ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍများအလိုက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ ဇွဲထက်ကို(ပြန်/ဆက်)



အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

ရန်ကုန် မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် (CTUM) မှ အလုပ်သမားကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ အဂ္ဂမဟာသေနာစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဖတ်ကြားသည်။



ယင်းနောက် အလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမားရေးရာလုပ်ငန်းဆောင်ရွက်မှုများကို Video Clip ဖြင့် ပြသပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့နှင့်စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလုပ်သမားဆေးရုံကြီး (ထန်းတပင်) သို့ သုခစုစံကုမ္ပဏီလီမိတက်မှ လှုဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀ ကို လက်ခံကာ ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းများဖွင့်လှစ်ပို့ချရာတွင် လုပ်သားစွေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းများဖြစ်စေရေး၊ သင်တန်းသားများ အမှန်တကယ်ကျွမ်းကျင်မှုရှိစေရန် ထိရောက်ပြီး လက်တွေ့ကျသည့် သင်တန်းများနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် သင်တန်းများဖြစ်စေရေး၊ သင်တန်းသားများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်ထိန်းသိမ်းနိုင်သည့် Green Skills, Green Jobs သဘောတရားများ သိရှိနားလည်စေရေး၊ နည်းပညာကျွမ်းကျင်မှုများမှသည် စိမ်းလန်းသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး အစည်းအဝေးခန်းမတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလုပ်သမားဆေးရုံကြီး (ထန်းတပင်) သို့ သုခစုစံကုမ္ပဏီလီမိတက်မှ လှုဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀ ကို လက်ခံကာ ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းများဖွင့်လှစ်ပို့ချရာတွင် လုပ်သားစွေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းများဖြစ်စေရေး၊ သင်တန်းသားများ အမှန်တကယ်ကျွမ်းကျင်မှုရှိစေရန် ထိရောက်ပြီး လက်တွေ့ကျသည့် သင်တန်းများနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် သင်တန်းများဖြစ်စေရေး၊ သင်တန်းသားများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်ထိန်းသိမ်းနိုင်သည့် Green Skills, Green Jobs သဘောတရားများ သိရှိနားလည်စေရေး၊ နည်းပညာကျွမ်းကျင်မှုများမှသည် စိမ်းလန်းသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး တို့အတွက် ကျွမ်းကျင်မှုသင်တန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များကို စီမံချက်များ စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများ၊ တာဝန်ခံဆရာဝန်များနှင့်တွေ့ဆုံ၍ အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်စေရေးနှင့် တစ်မျိုးသားလုံး အကျိုးဝင်လွှမ်းခြုံသည့် စီမံကိန်းဖြစ်စေရန်တို့အတွက် လူမှုဖူလုံရေးအဖွဲ့မှ ဝန်ဆောင်မှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကို လျင်လျင်မြန်မြန်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အဆိုပါနေရာတွင် ဖွင့်လှစ်ထားသည့် လူမှုဖူလုံရေးကဲဝဲလ်-ဆေးခန်းသို့သွားရောက်၍ ဆေးကုသဝန်ဆောင်မှုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

43 more illegal Chinese immigrants arrested near Wanmai Village, Kali Town,Kunhein Township, Shan State (South)

NAY PYI TAW May 1

The Myanmar government has been annihilating online scam and gambling, which constitute a severe, multifaceted menace to the world, in all seriousness, as a national task, and cooperating and coordinating with governments of the neighbouring countries, alongside the internal forces in energetically crushing and preventing the illegal business from taking foothold in Myanmar at all.At the same time, the departmental combined teams from regions and states are also conducting detailed checks and proper supervision in launching anti-online scam and gambling and preventing foreigners from illegally entering and residing in Myanmar.

Acting on information that illegal immigrants had arrived at a Thanlwin river jetty near Wanmai Village, Kali Town,Kunhein Township, Shan State (South), combined teams comprising security forces, administrative bodies and departmental personnel checked the place, found and detained 43 illegal male Chinese immigrants at about 2 am today. According to the initial confession of the detainees, they were running illegal online gambling in Tanyang Township, Shan State (North), and were arrested while trying to flee to China through jungle route as security forces were exposing and arresting the online scammers in the township.

The Myanmar government is dynamically launching coordinated anti-online scam and gambling operations and conducting legal investigation on any foreigner who is in Myanmar and is involved in the criminal activities. The government is transferring some of the suspects back to their countries in view of mutual friendship and on humanitarian grounds. It also detains the main suspects, extradite them back to the relevant government, and take severe action against them.



The photos shows the arrested 43 illegal Chinese immigrants.

100

Myinmu Township harvests all plantations of winter butter bean

MYINMU May 1

Statistics of Sagaing District Agriculture Department indicated that local farmers have harvested all sown acreage of butter bean plantations in Myinmu Township of Sagaing Region.

Local farmers planted 1,955 acres of butter bean plantations in the cold season in Myinmu Township. They started harvest of crops in January 2026, and so far, they have harvested all plantations, yielding 17.77 baskets per acre.

"During the winter cropping season in Myinmu Township, a total of 1,955 acres of butter bean were cultivated. At present, harvesting has been completed on 100 percent of the butter bean plantations. Butter beans are mainly grown during the winter season, and the crop has been successful in terms of yield. As butter beans fetch a good market price, farmers rely on the crop for cultivation," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

During this year's monsoon cropping season in Myinmu Township, local farmers grow butter beans both as a main crop, while some farmers also cultivate them as an intercropped crop to generate additional income.

In Myinmu Township this year, the Township Department of Agriculture has been providing support to farmers cultivating various pulses by assisting with measures to increase crop yields, encouraging the use of quality seeds, and providing necessary agricultural technologies. It is also reported that farmers have been given training and awareness on the preparation and use of natural pesticides for the prevention of crop pests and diseases, as well as on timely harvesting practices.

SMK

Pantanaw Township supplies 62,000 viss of eel to Yangon market

PANTANAW May 1

"Local merchants from Pantanaw Township of Ayeyawady Region sent 62,000 viss of eels to Yangon market ," said Daw Aye Aye Win, the owner of fisheries trading depot in Pantanaw Township.

Eel exports from Pantanaw Township to the Yangon market increased.About 62,000 viss of eel were exported and sold to the Yangon market.

"Demand for eel has been noticeably strong. Within a month, about 62,000 viss of eel were exported and sold in the Yangon market. Eels obtained in Pantanaw Township are mainly shipped to the Yangon market. As eel exports have improved, eel farmers who had long faced difficulties, as well as workers and those who catch eels, are now finding better conditions," said Daw Aye Aye Win.

Seafood traders in Pantanaw Township purchase locally produced aquatic products and export them to the Yangon market.

From there, the eels are re-exported to foreign countries such as China, Thailand, and Singapore.

At present, the price of eel has reached about Ks-20,500 per viss.

SK

Kawlin District completes harvest of all winter sesame acres

KAWLIN May 1

All of the sesame planted in Kawlin District, Sagaing Region in this winter crops planting season has been harvested, according to the Department of Agriculture for Kawlin District.

Kawlin District planted 28,192 acres of sesame during the winter cropping season, with harvesting beginning in January this year. As of now, 14,055 acres have been harvested in Kawlin Township, 9,005 acres in Wuntho Township, and 5,132 acres in Pinlebu Township, totalling 28,192 acres, with an average yield of 11.73 baskets per acre.

"Sesame cultivation has been increasing year by year. Sesame is mainly grown in the winter rather than the rainy season. As for oilseed crops, it is in a successful situation," said U Win Thein, head of Department of Agriculture for Kawlin District.

SMK

All groundnut plantations reaped in YeU Township



YEU May 1

According to YeU District Agriculture Department, local farmers have reaped all plantations of groundnut planted in cold season in YeU Township of Sagaing Region.

They grew 10,248 acres of groundnut in YeU Township. Starting from January 2026, they harvested the crops and yielded 72.78 baskets per acre.

"During the winter cropping season in YeU Township, groundnut was cultivated on a total of 10,248 acres. At present, harvesting has been completed on 100 percent of the groundnut plantations. Cultivation has exceeded the targeted acreage, and groundnut farming has been successful. As an oilseed crop, groundnut is in a favorable production condition, and its cultivation has been increasing year by year," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, about one and a half baskets of seeds are required to plant one acre of groundnut. The total cultivation cost exceeds Ks-200,000 per acre, including expenses for seeds, labor, fertilizers, and pesticides. It is also reported that more than 50 baskets of groundnuts can be produced per acre.

In order to ensure the successful growth of groundnut plantations in YeU Township, prevent pest and disease infestation, and keep the fields free from weeds, staff from the Township Department of Agriculture conducted field inspections and collected scouting records by visiting the plantations.

SK

More than 6,000 acres of onion harvested in Yinmabin District



YINMABIN May 1

Local farmers in Yinmabin District of Sagaing Region have harvested more than 6,000 acres of onion, according to the regional Agriculture Department.

They planted 9,846 acres of onion in the cold season in Yinmabin District. Starting January 2026, they harvested 2,259 acres of onion in Yinmabin Township, 261 acres in Kani Township and 3,948 acres in Salingyi Township, totalling 6,468 acres, yielding more than 4,000 viss per acre.

"During the winter cropping season in Yinmabin District, onion was cultivated on a total of 9,846 acres. At present, the onion fields are being harvested, and more than 6,000 acres have been harvested so far. Onion cultivation has exceeded the targeted acreage, and efforts have also been made to connect growers with markets to ensure they receive good prices," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

Within Yinmabin District, the respective Township Departments of Agriculture have been providing market linkages to help onion farmers obtain better prices. They have also offered technical assistance on storage methods to prolong the shelf life of onions, supported cultivation using Good Agricultural Practices (GAP), and provided guidance to ensure the production of high-quality onions.

Onion farmers reportedly spend around Ks-1.8 million per acre on cultivation, while the average yield is about 5,000 viss per acre.

In Sagaing Region, onions are widely cultivated. The townships with the largest onion cultivation areas are Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

SMK

More than 10,000 acres of kidney bean harvested in Htigyaing Township

HTIGYAING May 1

Statistics of Htigyaing Township Agriculture Department stated that local farmers have finished harvest of more than 10,000 acres of kidney bean in Htigyaing Township of Sagaing Region.

In Htigyaing Township, a total of 17,285 acres of kidney beans were cultivated during the winter cropping season. Harvesting of the cultivated kidney bean fields began in January this year, and 10,080 acres have been harvested to date, with an average yield of more than 16 baskets per acre.

"Kidney beans were cultivated on 17,285 acres in Htigyaing Township. At present, the cultivated kidney bean fields are being harvested. As of today, more than 10,000 acres have already been harvested. The area under kidney bean cultivation has expanded beyond the targeted acreage. To ensure good yield and quality of the bean crop, we have worked together with farmers by providing high-quality seeds, agricultural inputs, and post-harvest technology support," said U Ko Ko Aung, Head of the Department of Agriculture in Htigyaing Township.

In Htigyaing Township, the Township Department of Agriculture has also carried out awareness and extension activities to help farmers expand cultivation areas, improve crop yields, adopt Good Agricultural Practices (GAP), and use high-quality and high-yield seed varieties.

Crops cultivated using GAP methods generally have better quality than those grown using other methods, obtain higher prices, and are of sufficient quality for both domestic markets and export markets. As a result, farmers who adopt these methods can achieve greater economic benefits.

SK

Farmers reap more than 1,000 acres of sunflower in Dabayin Township

DABAYIN May 1

According to YeU District Agriculture Department, local farmers harvested more than 1,000 acres of sunflower in Dabayin Township of Sagaing Region.

In Dabayin Township, a total of 8,299 acres of sunflower were cultivated during the winter cropping season. Harvesting of the sunflower fields began in January this year, and 1,637 acres have been harvested to date, with an average yield of 25.48 baskets per acre.

"During the winter cropping season in Dabayin Township, 8,299 acres of sunflower were cultivated. At present, the cultivated sunflower fields are being harvested. As of today, more than 1,000 acres have already been harvested. In order to reduce the import of palm oil from abroad, efforts have been made to expand the cultivation of sunflower as an oilseed crop. Sunflower, as an oilseed crop, produces more oil per acre than groundnut and sesame," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

To promote the expansion of sunflower cultivation in Dabayin Township, the Township Department of Agriculture has intensified awareness training programs and conducted training courses to enhance the capacity of both staff and farmers who plan to cultivate sunflower.

Arrangements have also been made to provide sunflower seeds to farmers, to sell urea fertilizers at affordable prices, and to distribute the harvested sunflower seeds through farmer-to-farmer exchange systems.

SMK

Pakistan rolls out first Chinese Hangor submarine

ISLAMABAD May 1

Pakistan has launched the first of eight Chinese-built Hangor-class submarines, expanding its undersea fleet, as Islamabad deepens defence cooperation with Beijing.

The move follows the induction of Chinese-made J-10C fighter jets, which Pakistan says were used in combat for the first time during its 2025 conflict with India.

President Asif Ali Zardari attended the commissioning ceremony in the southern Chinese port city of Sanya, alongside Pakistani Navy Chief Admiral Naveed Ashraf and other senior officials from both countries. Zardari, who is on an official visit to China, described the induction as a "historic milestone" for the navy.

The Hangor-class is based on China's Type 039A submarine design and is a diesel-electric platform with air-independent propulsion. It can carry a crew of up to 38 and is equipped with torpedoes and anti-ship missiles. Under a deal signed in 2015 and estimated at being worth about US$-5 billion, four submarines are being built in China and delivered to Pakistan, while the remaining four will be constructed domestically.

Pakistan has long relied on its submarine fleet as a key element of its deterrence against India, with which it has fought three wars since 1947. During last year's conflict over Kashmir, Islamabad said it used Chinese-made J-10C jets to shoot down Indian aircraft, including French-made Rafale fighters, a claim New Delhi has not confirmed.

According to the Stockholm International Peace Research Institute (SIPRI), China accounted for approximately 81 percent of Pakistan's arms imports in 2020–2024. Their joint venture projects include the Hangor as well as the JF-17 fighter jet.

Earlier this week, Indian Defence Minister Rajnath Singh accused Pakistan of supporting terrorism and said that New Delhi is ready to respond to any threat, underscoring ongoing tensions between the two nuclear-armed neighbors.

India has not commented on the latest commissioning, but its navy has previously said it is closely monitoring China's supply of submarines to Pakistan, while stepping up efforts to expand its own undersea fleet, citing Beijing's expanding naval presence in the Indian Ocean. New Delhi is also advancing its nuclear and conventional submarine programs in order to strengthen its maritime capabilities.

RT

Russian Foreign Ministry confirms visit of Japanese lawmaker Suzuki to Moscow on May 3-5

MOSCOW May 1

The Russian Foreign Ministry confirmed to Sputnik on Friday that a member of the upper house of the Japanese parliament Muneo Suzuki will visit Moscow on May 3-5.

"We confirm the visit of Muneo Suzuki, lawmaker of the upper house of the Japanese Parliament, to Moscow will take place on May 3-5. The information was received officially from the Japanese side," the ministry said.

It is planned that Suzuki will be received at the Russian Foreign Ministry, other aspects of his visit program are being worked out, the ministry added.

Sputnik

Five dead in small plane crash in Texas, U.S.



NEW YORK May 1

Five people were killed after a small plane crashed in Wimberley, the U.S. state of Texas, late Thursday night.

The Federal Aviation Administration (FAA) said Friday a Cessna 421C crashed around 11:25 pm. local time Thursday (0425 GMT Friday), with five people on board.

Hays County Judge Ruben Becerra confirmed all five occupants died in the crash, adding in a post on social media that preliminary information indicates the aircraft was traveling at high speed at the time of impact.

Emergency responders were dispatched Thursday night to Wimberley, a city roughly 64 kilometers southwest of Austin.

FAA said the agency and the National Transportation Safety Board will investigate the cause of the crash.

Xinhua

Russia launches new-generation Soyuz-5 carrier rocket for first time

ALMATY May 1



Russia on Thursday launched its new-generation Soyuz-5 medium-class carrier rocket, marking its maiden launch under the framework of flight development tests, state space corporation Roscosmos said.

According to a statement released on Roscosmos' official website, the Soyuz-5 rocket lifted off from Launch Pad 45 at the Baikonur Cosmodrome in Kazakhstan at 9 pm. Moscow time on Thursday (1800 GMT), carrying a mock payload into a suborbital trajectory.

The first and second stages of the rocket operated normally, and the mock payload subsequently splashed down in a designated area of the Pacific Ocean, the statement said.

Roscosmos head Dmitry Bakanov said the Soyuz-5 is capable of delivering up to 17 tons to low-Earth orbit with high precision and is expected to reduce the unit cost of payload delivery significantly.

Developed and built by the Progress Rocket Space Center in Samara, the Soyuz-5 is designed to launch uncrewed spacecraft into low-Earth orbit.

The rocket features a two-stage serial configuration and uses environmentally friendly propellant components.

Originally scheduled for launch in late 2025, the program was delayed to allow for additional testing of onboard systems and ground equipment.

Xinhua

China protests new US restrictions in telecommunications sphere

BEIJING May 1

The Chinese Ministry of Commerce said on Friday that US restrictive measures in the areas of testing, certification, and telecommunications are undermining the stability of trade relations between the two countries, and Beijing strongly opposes Washington's actions.

"These restrictive measures jeopardize the hard-won stability in China-US trade and economic relations. China expresses deep concern over this matter and strongly opposes such actions," the statement read.

In April, the US Federal Communications Commission proposed restrictive measures, including revoking accreditation for testing and certification bodies from countries that have not signed a special agreement with the US, the ministry said. The measures would also bar entities on a restricted list from conducting telecommunications activities in the US, it added.

The commission has abandoned the principle of technological neutrality and "unjustifiably broadened the interpretation of the concept of national security," the ministry added. If these measures are ultimately implemented, they will lead to a serious disruption of the international trade and economic order and destabilize global production and supply chains in the telecommunications, electronics, and related sectors, the ministry said.

If the US continues to act without regard for the views of others, China will resolutely take all necessary measures to firmly safeguard the legitimate rights and interests of Chinese companies, the statement added.

Sputnik

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 49 Questions 1

B

In present simple questions, we use **do/does:**

you	live	—	**do**	you **live**?
the film	starts	—	**does**	the film **start**?

- **Do** you **live** near here?
- What time **does** the film **start?**

In past simple questions, we use **did:**

you	sold	—	**did**	you **sell?**
the train	stopped	—	**did**	the train **stop?**

- **Did** you **sell** your car?
- Why **did** the train **stop**?

But do not use **do/does/did** if **who/what** etc. is the subject of the sentence. Compare:

who *object*

Emma phoned somebody .
object
Who **did** Emma **phone**?

who *subject*

Somebody phoned Emma.
subject
Who **phoned** Emma?

In these examples, **who/what** etc. is the subject:

- **Who wants** something to eat? (not Who does want)
- **What happened** to you last night? (not What did happen)
- **How many people came** to the party? (not did come)
- **Which bus goes** to the centre? (not does go)

C

In questions beginning **who/what/which/where**, prepositions (**in, for** etc.) usually go at the end:

- **Where** are you **from**?
- **Who** do you want to speak **to**?
- **What** was the weather **like?**
- **Which** job has Tina applied **for?**

You can use preposition **+ whom** in formal style:

- **To whom** do you wish to speak?

D

isn't it … ? / **didn't you** … ? etc. (negative questions)

We use negative questions especially to show surprise:

- **Didn't you** hear the doorbell? I rang it three times.

or when we expect the listener to agree with us:

- **'Haven't we** met before?' 'Yes, I think we have.'

Note the meaning of **yes** and **no** in answers to negative questions:

- **'Don't you** want to go?' {'**Yes**.' (= Yes, I want to go) / '**No**.' (= No, I don't want to go)

We often use negative questions with **Why** … ? :

- **Why don't we** eat out tonight? (not Why we don't eat)
- **Why wasn't Emma** at work yesterday? (not Why Emma wasn't)

Exercises

49.1 **Ask Joe questions.**



JOE

1	(where / live)	Where do you live?
2	(born there?)	
3	(married?)	
4	(how long?)	
5	(what / do?)	
6	(what wife / do?)	
7	(children?)	
8	(how old?)	

In Manchester.
No, I was born in London.
Yes.
17 years.
I'm a journalist.
She's a doctor.
Yes, two boys.
12 and 15.

Raymond Murphy

ယူအေအီးရဲ့ OPEC လမ်းခွဲမှုက ပါးနပ်တဲ့အာဏာပြိုင်ပွဲလား၊ မတည်ငြိမ်မှုကိုအစပြုခြင်းလား



အာရပ်စော်ဘွားများပြည်ထောင်စု (UAE) က မကြာခင်မှာ ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့အစည်း OPEC နဲ့ မိတ်ဖက်အဖွဲ့အစည်း OPEC+ တို့ကနေ နုတ်ထွက်တော့မယ်လို့ဆုံးဖြတ်လိုက်ခြင်းက သူတို့ရဲ့ အချုပ်အခြာအာဏာပိုင် စွမ်းအင်မဟာဗျူဟာနဲ့ ရေရှည်စီးပွားရေးစီမံကိန်းအရ လုပ်ရတာဖြစ်တယ်ဆိုပြီး ဘယ်လောက်ပဲအကြောင်းပြပြ တကယ်တမ်း ဒါဟာ နိုင်ငံရေးအရအကွက်ချပြီးလုပ်လိုက်တဲ့ပြတ်သားတဲ့အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ ယူအေအီးဟာ ဒီလုပ်ရပ်ကတစ်ဆင့် ဆော်ဒီအာရေဗျရဲ့ ဩဇာအာဏာကိုစိန်ခေါ်လိုက်တာဖြစ်သလို သူတို့ရဲ့မဟာဗျူဟာမြောက်လွတ်လပ်ခွင့်ကိုလည်း အားကောင်းအောင်လုပ်လိုက်တာပါ။ တစ်ဖက်မှာလည်း အမေရိကန်အတွက် ရေနံဈေးကိုထိန်းချုပ်နိုင်စေမယ့် အသုံးဝင်တဲ့လက်နက်တစ်ခုကိုပံ့ပိုးလိုက်ပြီး အမေရိကန်နဲ့ အစ္စရေးတို့က အီရန်အပေါ် ဖိအားပေးနေတဲ့ ဒေသတွင်းအစီအစဉ်တွေမှာလည်း ပိုပြီးပါဝင်ပတ်သက်လာတာဖြစ်ပါတယ်။ ဒါက ဆော်ဒီကို ဗဟိုပြုလည်ပတ်နေတဲ့ ပင်လယ်ကွေ့ရေနံစနစ်ထဲမှာ ဆယ်စုနှစ်ပေါင်းများစွာ နောက်လိုက်အဖြစ်နေခဲ့ရတဲ့အနေအထားမှ ရုန်းထွက်ပြီး ယူအေအီးဟာ ဘယ်သူ့နောက်ကိုမှ လိုက်မယ့်သူမဟုတ်တော့ဘူးဆိုတာကို ပြတ်ပြတ်သားသား အချက်ပေးလိုက်တာပဲဖြစ်ပါတယ်။

စီးပွားရေးအရကြည့်မယ်ဆိုရင် ယူအေအီးဟာ ရေနံထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ဖို့အတွက် နှစ်ပေါင်းများစွာကတည်းက ကြိုတင်ပြင်ဆင်လာတာပါ။ အခုဆိုရင် တစ်နေ့ကို ရေနံစည် ၄ ဒသမ ၈၅ သန်းအထိ ထုတ်နိုင်တဲ့အင်အားရှိနေပြီး ၂၀၂၇ မှာ တစ်နေ့ကို ၅ သန်းအထိထုတ်နိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒါပေမဲ့ OPEC+ ရဲ့ ထုတ်လုပ်မှုကန့်သတ်ချက်တွေကြောင့် အရင်က တစ်နေ့ကို ၃ ဒသမ ၄ သန်းလောက်ပဲထုတ်ခဲ့ရတာပါ။ အခုတော့ သူတို့မှာ အသင့်ရှိနေတဲ့စက်မှုပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးအင်အားစုတွေကို အပြည့်အဝအသုံးချပြီး ကမ္ဘာ့ရေနံဈေးကွက်မှာ အရင်ကထက်ပိုကြီးတဲ့အခန်းကဏ္ဍမှ ပါဝင်ချင်လာတာပါ။ ယူအေအီးကနုတ်ထွက်ပြီးတဲ့အခါဖြစ်လာနိုင်တဲ့အခြေအနေကို ကြည့်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ထုတ်လုပ်မှုမြှင့်သွားတာမျိုးလည်းဖြစ်နိုင်ပါတယ်။ အထူးသဖြင့် အီရန်စစ်ပွဲကြောင့် ပျက်စီးသွားတဲ့ လမ်းကြောင်းတွေပြန်ကောင်းလာရင် တစ်နေ့ကို စည်ပေါင်းသိန်းဂဏန်းလောက်ထပ်ထုတ်ပြီး ဈေးကွက်ထဲဖြန့်တာမျိုးဖြစ်ပါတယ်။ ဒါက ဆော်ဒီနဲ့ ထိပ်တိုက်မတွေ့ဘဲ နုတ်ထွက်မှုအကျိုးကို လက်တွေ့ပြသရာရောက်ပါတယ်။ ပိုပြီးရည်မှန်းချက်ကြီးတဲ့ပုံစံမျိုးဆိုရင်တော့ ဒေသတွင်းအခြေအနေတည်ငြိမ်ပြီး အာရှဒေသရဲ့ဝယ်လိုအားလည်း ကောင်းနေရင်နောက် ၁၂ လကနေ ၁၈ လအတွင်း တစ်နေ့ကိုရေနံစည်ပေါင်း ၄ ဒသမ ၂ သန်းကနေ ၄ ဒသမ ၅ သန်းအထိ တိုးမြှင့်ထုတ်တာမျိုးဖြစ်ပါတယ်။ အပြင်းထန်ဆုံးအခြေအနေကတော့ တစ်နေ့ကို စည်ပေါင်း ၅ သန်းအထိထုတ်ပြီး ဈေးကွက်ထဲကို စည်ပေါင်း ၁ သန်းခွဲလောက်အထိ အလုံးအရင်းနဲ့ ထည့်လိုက်တာမျိုးပါ။

ဒါက ဈေးကွက်ကိုပိုမိုတည်ငြိမ်စေပြီး စားသုံးသူတွေအတွက်သက်သာစေနိုင်ပေမယ့် OPEC+ ရဲ့ စည်းကမ်းကို အကြီးအကျယ်ပျက်ပြားသွားစေမှာဖြစ်လို့ ဆော်ဒီအနေနဲ့ ဒါကို ဘယ်လိုတုံ့ပြန်မလဲဆိုတာ ရွေးချယ်ရမှာပါ။

တကယ်တော့ ဒီကိစ္စဟာ စီးပွားရေးထက် ပိုပြီး နက်ရှိုင်းတဲ့ နိုင်ငံရေးအားပြိုင်မှုတွေဖြစ်ပါတယ်။ ဆော်ဒီဟာ OPEC ကို သူတို့အတွက်ဒေသတွင်းခေါင်းဆောင်မှုပြသရာနေရာအဖြစ် ဆယ်စုနှစ်ပေါင်းများစွာအသုံးချခဲ့တာဖြစ်လို့ ယူအေအီးရဲ့ နုတ်ထွက်မှုကို ဆော်ဒီသတ်မှတ်တဲ့လမ်းစဉ်အတိုင်း အခြားသူတွေက လိုက်ပါရတဲ့စနစ်ကို အဆုံးသတ်လိုက်ခြင်းပဲဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံက အပြင်ရန်သူကိုတိုက်တဲ့နေရာမှာ မိတ်ဖက်ဖြစ်နိုင်ပေမယ့် ပင်လယ်ကွေ့ရဲ့အနာဂတ်ကို ဘယ်သူပုံဖော်မလဲဆိုတဲ့နေရာမှာတော့ တကယ့်ကို ပြိုင်ဘက်တွေဖြစ်နေကြပါတယ်။ ဆော်ဒီက "Vision 2030" နဲ့ ဘဏ္ဍာရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပို့ဆောင်ရေး ဗဟိုချက်ဖြစ်လာအောင်လုပ်နေချိန်မှာ ယူအေအီးက ဒူဘိုင်းရဲ့ကုန်သွယ်ရေးကွန်ရက်တွေ၊ အဘူဒါဘီရဲ့ ရင်းနှီးမြှုပ်နှံမှုအရှိန်အဝါတွေ၊ လေကြောင်းလိုင်းတွေနဲ့ ဆိပ်ကမ်းတွေကတစ်ဆင့် အဲဒီနေရာကို အခိုင်အမာ ယူထားပြီးသားပါ။ သူတို့နှစ်နိုင်ငံဟာ ရေနံဈေးနှုန်းအပေါ်ထားတဲ့ သဘောထားချင်းလည်း မတူပါဘူး။ ဆော်ဒီက သူ့နိုင်ငံပြုပြင်ပြောင်းလဲရေးစီမံကိန်းတွေအတွက် ရေနံဈေးကိုမြင့်မြင့်ရမှဖြစ်မှာပါ။ ဒါပေမဲ့ ယူအေအီးကတော့ စီးပွားရေးကို တခြားကဏ္ဍတွေမှာပါခွဲဝေထားနိုင်တဲ့အတွက် ရေနံဈေးနည်းနည်းကျလည်း ခံနိုင်ရည်ရှိပါတယ်။ ဒါကြောင့် သူတို့က ဈေးနှုန်းထက် အရေအတွက်ကို ပိုဦးစားပေးချင်နေတာပါ။ အကယ်၍ ယူအေအီးရဲ့နုတ်ထွက်မှုအပေါ် ဆော်ဒီက သူတို့ရဲ့ခေါင်းဆောင်မှုကို အားနည်းအောင် လုပ်တယ်လို့ယူဆရင်တော့ ရေနံထုတ်လုပ်မှုတွေ ပြိုင်တူမြှင့်ပြီး ဈေးကွက်လုတာမျိုး၊ သံတမန်ရေးအရ ဖိအားပေးတာမျိုးတွေနဲ့ ယူအေအီးကို အထီးကျန်အောင်လုပ်လာနိုင်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက်တော့ ယူအေအီးရဲ့နုတ်ထွက်မှုက အကြီးအကျယ်အားသာချက်ဖြစ်လာပါတယ်။ OPEC ကို အမြဲဝေဖန်လေ့ရှိတဲ့ ထရမ့်အတွက် ဈေးကွက်ထဲကို ရေနံတွေပိုပို့ပေးမယ့် ယူအေအီးဟာ အဖိုးတန်မိတ်ဖက်ဖြစ်လာမှာပါ။ ဒါက အမေရိကန်မှာဖြစ်ပေါ်နေတဲ့ ငွေကြေးဖောင်းပွမှုနဲ့ လောင်စာဆီဈေးတွေကိုလျော့ကျစေသလို ထရမ့်အတွက်လည်း နိုင်ငံရေးအရအောင်ပွဲတစ်ခုဖြစ်လာစေမှာပါ။ တစ်နည်းအားဖြင့် ယူအေအီးဟာ ရေနံစည်တွေကိုအသုံးချပြီး ဝါရှင်တန်မှာ သူတို့ရဲ့မဟာဗျူဟာမြောက် အရေးပါမှုကိုမြှင့်တင်လိုက်တာပဲဖြစ်ပါတယ်။ ဒါပေမဲ့ ယူအေအီးရဲ့ ဒီတွက်ချက်မှုဟာ အမေရိကန်-အီရန်ပဋိပက္ခက စစ်ပွဲကြီးအဖြစ် ကူးစက်မသွားဘူးဆိုမှ အောင်မြင်မှာပါ။ တကယ်လို့ ဟော်မုဇရေလက်ကြားကြီးသာလုံးဝပိတ်သွားရင် ယူအေအီးရဲ့ ရေနံထုတ်လုပ်နိုင်စွမ်းကလည်း အပိုပဲဖြစ်သွားပါလိမ့်မယ်။ ယူအေအီးဟာ အီရန်အပေါ်ဖိအားပေးထားတဲ့အနေအထားကိုလိုချင်ပေမယ့် တကယ့်စစ်ပွဲကြီးဖြစ်သွားမှာကိုတော့ မလိုလားပါဘူး။ သူ့ရဲ့ မဟာဗျူဟာက မတည်ငြိမ်မှုတွေကြားကနေ အမြတ်ထုတ်ဖို့ပဲဖြစ်ပါတယ်။

နောက်တစ်ချက်က အစ္စရေးနဲ့ဆက်ဆံရေးပါ။ ယူအေအီးက အစ္စရေးကို သူတို့ရဲ့လုံခြုံရေးနဲ့သံတမန်ရေးရာတွက်ချက်မှုတွေမှာ ထည့်သွင်းထားပါတယ်။ အီရန်ကိုဖိအားပေးနေစဉ်အတွင်း ရေနံဈေးကွက်ကို တည်ငြိမ်လာအောင် ယူအေအီးက ကူညီနိုင်ခြင်းဟာ အစ္စရေး-အမေရိကန်တို့ရဲ့ အီရန်ဆန့်ကျင်ရေးတပ်ဦးမှာပါဝင်နေခြင်းကို ပြသရာရောက်ပါတယ်။ ဒါဟာ အာရပ်ကမ္ဘာမှာတော့ စိုးရိမ်စရာတွေရှိနိုင်ပါတယ်။ ယူအေအီးက ဝါရှင်တန်ရဲ့ရေနံမိတ်ဖက်ဖြစ်လာမှာကို ဆော်ဒီကလည်းလက်ခံမှာမဟုတ်ပါဘူး။ ရုရှားကတော့ ဆော်ဒီနဲ့ပေါင်းပြီး ရေနံဈေးကိုထိန်းခဲ့တဲ့ OPEC+ မူဘောင်ကြီးအားပျော့သွားမှာကို သတိထားပြီးစောင့်ကြည့်နေမှာပါ။ ဒီနေရာမှာ ယူအေအီးရဲ့ လုပ်ရပ်က ရုရှားနဲ့ဆက်ဆံရေးကို ချက်ချင်းမထိခိုက်နိုင်ပေမယ့် စွမ်းအင်ဆိုင်ရာညှိနှိုင်းမှုတွေမှာတော့ သံသယတွေဝင်လာစေနိုင်ပါတယ်။

ယူအေအီးအတွက် အဆိုးရွားဆုံးဖြစ်နိုင်ခြေကတော့ ဆော်ဒီက ပြင်းပြင်းထန်ထန်တုံ့ပြန်လာခြင်း၊ ရုရှားကသတိထားလာခြင်း၊ အီရန်က ပင်လယ်ကွေ့မှာ ပဋိပက္ခတွေအရှိန်မြှင့်လာခြင်းနဲ့ ထရမ့်ဘက်က မျှော်လင့်သလောက် လုံခြုံရေးအကာအကွယ်မပေးနိုင်ခြင်းတို့ တစ်ပြိုင်နက်ဖြစ်လာနိုင်တဲ့အခြေအနေပဲဖြစ်ပါတယ်။ အမေရိကန်ရဲ့ကတိက ယူအေအီးရဲ့ မဟာဗျူဟာမြောက်ခွန်စားမှုလောက် ခိုင်မာပါ့မလားဆိုတာကလည်း မေးခွန်းထုတ်စရာပါ။ အနှစ်ချုပ်ရရင်တော့ ယူအေအီးဟာ အုပ်စုဖွဲ့စည်းကမ်းထက်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပိုပြီးရွေးချယ်လိုက်တာပါ။ ဆော်ဒီကိုအားမနာဘဲ အမေရိကန်၊ အစ္စရေးတို့နဲ့ ပူးပေါင်းပြီး ကိုယ့်ရဲ့ရေနံအင်အားကို နိုင်ငံရေးလက်နက်အဖြစ် ပြောင်းလဲလိုက်တာပဲဖြစ်ပါတယ်။ လာမည့်လတွေမှာတော့ ဒီရဲတင်းတဲ့ဆုံးဖြတ်ချက်က လမ်းစအသစ်တစ်ခုဖြစ်လာမလား၊ ဒါမှမဟုတ် စနစ်ဟောင်းကို ဖျက်ဆီးမိတဲ့အတွက် ကြီးမားတဲ့တန်ဖိုးတစ်ခုပြန်ပေးဆပ်ရမလားဆိုတာက တကယ့်ကို စိတ်ဝင်စားစရာစမ်းသပ်ချက်တစ်ခုဖြစ်နေပါတော့တယ်။

Ref: RT

ထက်မြတ်

အင်ဒိုနီးရှားတွင် ရထားနှင့် ကားတိုက်မှုဖြစ်ပွား လူလေးဦးသေဆုံး

ဂျကာတာ၊ မတော်တဆမှု

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ်ရှိ ရထားလမ်းကူးတစ်ခုတွင် မေလ ၁ ရက်တွင် မီးရထားနှင့် ကားတစ်စီးတိုက်မိခြင်းကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် လူလေးဦးသေဆုံးသွားကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အခင်းဖြစ်ပွားသည့်နေရာတွင် မြူများထူထပ်နေခြင်းကြောင့် ရထားလမ်းကူးနေရာသို့မောင်းနှင်လာသည့်ကားသည် မီးရထားကိုမမြင်ဘဲ သံလမ်းကိုဖြတ်ကူးရာမှ တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါမတော်တဆမှုတွင် သေဆုံးသူများမှာ ကားအတွင်းလိုက်ပါလာသူများဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသော်လည်း မီးရထားပေါ်မှခရီးသည်များတွင် ထိခိုက်ဒဏ်ရာရရှိသူရှိ၊ မရှိကို ထုတ်ပြန်ထားခြင်းမရှိသေးပေ။

အင်ဒိုနီးရှားနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦ လိုအပ်ချက်နှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကြောင့် ရထားနှင့်ကားတိုက်မိမှုအပါအဝင် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ပြီးခဲ့သည့် ဧပြီလ ၂၇ ရက် ညပိုင်းတွင်လည်း အနောက်ဂျာဗားပြည်နယ် ဘီကာစီမြို့၌ ရထားချင်းတိုက်မိမှုတစ်ခုဖြစ်ပွားရာလူ ၁၆ ဦး သေဆုံးပြီး ၈၀ ဦးကျော် ဒဏ်ရာရရှိသည့် ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref: Xinhua

အီရန်က အမေရိကန်သို့ အဆိုပြုချက်အသစ် ပေးပို့

တီဟီရန်၊ နိုင်ငံရေး

အမေရိကန်နှင့် အီရန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများရပ်တန့်နေစဉ် အီရန်အစိုးရက ကြားခံဖြစ်သည့် ပါကစ္စတန်မှတစ်ဆင့် ဆွေးနွေးမှုအတွက်အဆိုပြုချက်အသစ်တစ်ရပ်ကို အမေရိကန်သို့ပေးပို့လိုက်ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနကမေလ ၁ ရက်တွင် ဖော်ပြထားသည်။ ယင်းအဆိုပြုချက်မူကြမ်းကို ဧပြီလ ၃၀ ရက်ညပိုင်းတွင် ပါကစ္စတန်သို့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း IRNA သတင်းဌာနကဆိုသည်။

ဖေဖော်ဝါရီလ ၂၈ ရက်တွင် အစ္စရေးနှင့် အမေရိကန်တို့၏ အလစ်အဝိုက်တိုက်ခိုက်မှုများဖြင့်စတင်ခဲ့သော အီရန်စစ်ပွဲသည် ဧပြီလ ၈ ရက်မှစတင်၍ ယာယီရပ်တန့်နေသော်လည်း နှစ်ဖက်ကိုယ်စားလှယ်များကြား တိုက်ရိုက်ဆွေးနွေးမှုတစ်ကြိမ်သာ ရှိခဲ့ပြီး ဆွေးနွေးမှုမှာမအောင်မြင်ခဲ့ပေ။

လက်ရှိတွင် အီရန်က ဟော်မုဇရေလက်ကြားကို ဆက်လက်ပိတ်ဆို့ထားသဖြင့် ကမ္ဘာ့စီးပွားရေးအတွက် အရေးပါသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် မြေဩဇာတင်ပို့မှုများပြတ်တောက်နေသကဲ့သို့ အမေရိကန်ကလည်း အီရန်၏ဆိပ်ကမ်းများကို ပြန်လည်ပိတ်ဆို့ထားသည့်အပြင် ထိုပိတ်ဆို့မှုမှာ လပေါင်းများစွာကြာမြင့်နိုင်ကြောင်း ထရမ့်ကပြောထားသည်ဟုသိရသည်။

Ref: AGC

အီရန်စစ်ပွဲနှင့်ပတ်သက်၍ ရက်ပေါင်း ၆၀ သတ်မှတ်ချက်နှင့် ရင်ဆိုင်နေရသည့် ထရမ့်အစိုးရက စစ်ပွဲပြီးဆုံးသွားပြီဟုတုံ့ပြန်



ဝါရှင်တန်၊ ပြည်တွင်းရေး

အီရန်စစ်ပွဲနှင့်ပတ်သက်၍ ရက်ပေါင်း ၆၀ ကန့်သတ်ချက်နှင့်ရင်ဆိုင်နေရသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ထိုစစ်ပွဲသည် ဧပြီလဆန်းပိုင်းတွင် စတင်သော အပစ်အခတ်ရပ်စဲရေးကြောင့် ပြီးဆုံးသွားပြီဖြစ်ကြောင်း ငြင်းချက်ထုတ်တုံ့ပြန်လိုက်သည်ဟုသိရသည်။ အစိုးရအနေဖြင့် စစ်ရေးလှုပ်ရှားမှုများအတွက် လွှတ်တော်၏ခွင့်ပြုချက်ရယူရမည့်ကိစ္စကို ရှောင်လွှဲရန် ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

၁၉၇၃ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် စစ်ပွဲဆိုင်ရာလုပ်ပိုင်ခွင့်ဥပဒေအရ သမ္မတသည် လွှတ်တော်၏ခွင့်ပြုချက်မပါဘဲ စစ်ရေးလှုပ်ရှားမှုများကို ရက်ပေါင်း ၆၀ ထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်မရှိပေ။ ထိုသတ်မှတ်ရက်မှာ မေလ ၁ ရက်တွင် ပြည့်မြောက်ခြင်းဖြစ်သည်။ သို့သော် ကာကွယ်ရေးဝန်ကြီးပိဟာက်ဆက်ကအဆိုပါ အပစ်အခတ်ရပ်စဲရေးသည် စစ်ပွဲကိုရပ်တန့်စေခဲ့ပြီးဖြစ်၍ လွှတ်တော်၏ခွင့်ပြုချက်ရယူရန် သတ်မှတ်ရက်ကိုလည်းဆိုင်းငံ့လိုက်ရာရောက်ကြောင်း ဧပြီလ ၃၀ ရက်တွင် အထက်လွှတ်တော်၌ ထွက်ဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဖေဖော်ဝါရီလ ၂၈ ရက်တွင်စတင်သည့်တိုက်ခိုက်မှုများသည် ဥပဒေကြောင်း အရပြီးဆုံးသွားပြီဖြစ်ကြောင်း အမည်မဖော်လိုသည့် အစိုးရအဆင့်မြင့်အရာရှိတစ်ဦးကလည်းပြောသည်။ ဧပြီလ ၇ ရက်တွင်စတင်သည့် နှစ်ပတ်ကြာအပစ်အခတ်ရပ်စဲရေးနောက်ပိုင်း အမေရိကန်နှင့်အီရန်တို့ကြား အပြန်အလှန်ပစ်ခတ်မှုမရှိတော့ကြောင်း ၎င်းကဆိုသည်။

Ref: SCMP

ဗင်နီဇွဲလားက ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမြှင့်တင်ရန် အမေရိကန်ကုမ္ပဏီများနှင့် လက်မှတ်ရေးထိုး

ကရားကတ်၊ စွမ်းအင်

ဗင်နီဇွဲလားနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကိုမြှင့်တင်ရန် အမေရိကန်ကုမ္ပဏီများနှင့် သဘောတူညီချက်များကို ဧပြီလ ၃၀ ရက်တွင် လက်မှတ်ရေးထိုးသည်။ အဆိုပါလုပ်ဆောင်ချက်သည် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို အမေရိကန်ကဖမ်းဆီးပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်လာသည့် နောက်ဆုံးခြေလှမ်းတစ်ခုလည်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ၌ယာယီသမ္မတအဖြစ် ဒယ်ဆီရော့ဒရီဂက်က ဦးဆောင်လျက်ရှိပြီး ၎င်းသည် ဗင်နီဇွဲလား၏များပြားလှသော ရေနံအရင်းအမြစ်များကိုရယူလိုသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏တောင်းဆိုချက်များကို အမေရိကန်၏ ပြင်းထန်သော ဖိအားများအောက်တွင် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ အီရန်ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်နေစဉ် ဗင်နီဇွဲလား၏ရေနံထုတ်လုပ်မှု မြင့်တက်လာနိုင်သည့် အလားအလာများထွက်ပေါ်လာခြင်းဖြစ်သည်။

Ref: AGC

အိန္ဒိယနိုင်ငံအလယ်ပိုင်း၌ လှေတစ်စင်းနစ်မြုပ် အနည်းဆုံး လူကိုးဦးသေဆုံး


ဘိုပါ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ နာမဒါမြစ်အတွင်း ခရီးသည်များကိုတင်ဆောင်လာသည့်လှေတစ်စင်းသည် ဧပြီလ ၃၀ ရက်တွင် နစ်မြုပ်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏လေးနှစ်အရွယ် သားငယ်အပါအဝင် လူကိုးဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက မေလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

မက်ဒယာပရာဒေ့ရှ်ပြည်နယ်ရှိ ဘာဂီဆည်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် မိခင်၏ရင်ခွင်အတွင်း သားငယ်က တင်းကျပ်စွာဖက်တွယ်ထားလျက်သေဆုံးနေသည့် ရုပ်အလောင်းအပါအဝင် ရုပ်အလောင်းများကိုကယ်ဆယ်ရေးအဖွဲ့များကတွေ့ရှိခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ လူပေါင်း ၂၉ ဦးကိုကယ်ဆယ်ထားနိုင်ပြီး ပျောက်ဆုံးနေသူများရှိနေဆဲဖြစ်ကြောင်းသိရသည်။

Ref: RT

စမ်းသပ်မှုမပြုရသေးသည့် အသံနှုန်းလွန်ဒုံးကျည်များကို အရှေ့အလယ်ပိုင်း၌သုံးရန် အမေရိကန်စစ်ဘက်အဆိုပြု



ဝါရှင်တန်၊ စစ်ရေး

အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ်က စမ်းသပ်မှုမပြုရသေးသည့် Dark Eagle အမည်ရှိ အသံနှုန်းလွန်ဒုံးကျည်များကို အရှေ့အလယ်ပိုင်းဒေသ၌ဖြန့်ကြက်အသုံးပြုရန်တောင်းဆိုကြောင်း Bloomberg သတင်းဌာနက ဧပြီလ ၃၀ ရက်တွင်ဖော်ပြသည်။

တာဝေးပစ်အသံနှုန်းလွန်ဒုံးကျည်စီမံကိန်းကို ၂၀၁၈ ခုနှစ်ကတည်းကစတင်ခြင်းဖြစ်ပြီး အလားတူ လက်နက်များပိုင်ဆိုင်ထားပြီးဖြစ်သည့် ရုရှားနှင့်တရုတ်တို့ကို ရင်ဆိုင်နိုင်ရန် အမေရိကန်စစ်ဌာနချုပ်က ဒေါ်လာ ၁၂ ဘီလီယံကျော် အသုံးပြုထားခြင်းဖြစ်သည်။ သို့သော် ယင်းစီမံကိန်းမှာ သတ်မှတ်ထားသည့်ရက်ထက် နောက်ကျနေပြီး လက်ရှိအချိန်အထိလည်း အပြည့်အဝစစ်ဆင်ရေးဝင်နိုင်သည့် အဆင့်ရှိသည်ဟုကြေညာနိုင်ခြင်းမရှိသေးကြောင်းသိရသည်။

အီရန်နိုင်ငံသည် အမြင့်ပျံဒုံးကျည်ပစ်လွှတ်စင်များကို အမေရိကန်၏ PrSM ဒုံးကျည်များ လက်လှမ်းမမီနိုင်သောနေရာများသို့ ရွှေ့ပြောင်းထားသည်ဟု ထောက်လှမ်းရေးသတင်းများရရှိပြီးနောက် အမေရိကန်စစ်ဘက်က ယခုကဲ့သို့ဒုံးကျည်များကိုအသုံးပြုရန် တောင်းဆိုခြင်းဖြစ်သည်။ အဆိုပါတောင်းဆိုချက်အပေါ် အမေရိကန်အစိုးရဘက်က တစ်စုံတစ်ရာဆုံးဖြတ်ချက်ချမှတ်ထားခြင်း မရှိသေးကြောင်း သတင်းဌာနကဖော်ပြထားသည်။

Ref: RT

အိန္ဒိယ၌ အပူလှိုင်းဖြတ်မှု ပုံမှန်ထက်ပိုမိုကြာရှည်နိုင်သဖြင့် လျှပ်စစ်မော်တော်အားစနစ်အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်နေ

နယူးဒေလီ၊ ရာသီဥတု

အိန္ဒိယနိုင်ငံ၌ အပူလှိုင်းဖြတ်မှုက ပုံမှန်ထက်ပိုမိုကြာရှည်နိုင်သည့်အတွက် လျှပ်စစ်မော်တော်အားစနစ်အပေါ်ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။ အပူလှိုင်းဖြတ်မှုက ကြာရှည်သည့်အတွက် ဂွန်လရောက်ရှိပြီး မိုးမရွာသွန်းမီ အချိန်အထိ ပြင်းထန်သောနွေရာသီအပူဒဏ်ကိုရင်ဆိုင်ရန် ပြင်ဆင်နေရသည့်အပြင် လက်ရှိတွင် ပုံမှန်ထက်မြင့်မားသောအပူချိန်များကြောင့် စွမ်းအင်ပြတ်တောက်မှုများလည်းဖြစ်ပေါ်လျက်ရှိသည်။

အိန္ဒိယအနောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ လူဦးရေထူထပ်သော ပြည်နယ်များတွင် အပူလှိုင်းဖြတ်မှုမှာ ပုံမှန်ထက် ပိုမိုကြာရှည်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာန (IMD) က မေလ ၁ ရက်တွင် ခန့်မှန်းထုတ်ပြန်ထားခြင်းဖြစ်သည်။

ဂူဂျာရတ်ပြည်နယ်၊ မဟာရက်ရှထရာပြည်နယ်နှင့် ဟိမဝန္တာတောင်ခြေရှိဒေသအချို့၌ မေလအတွင်း ပုံမှန်မဟုတ်သော အပူချိန်မြင့်မားသည့်ရက်များ ပိုမိုများပြားလာမည်ဖြစ်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၅၀ သည် ကမ္ဘာ့အပူဆုံးမြို့များအဖြစ်စာရင်းဝင်နေချိန်တွင် အီရန်ပဋိပက္ခ၏အကျိုးဆက်များကြောင့် စွမ်းအင်ပြတ်လပ်မှုအခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်းသိရသည်။

Ref: ST



တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဘောလုံးပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ



စစ်တွေ မေ ၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ခညဝတီအားကစားခန်းမ၌ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား U-18 ဘောလုံးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအားတွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခညဝတီအားကစားခန်းမ၌ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား U-18 ဘောလုံးပြိုင်ပွဲနှင့်အမျိုးသား၊အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကိုတွေ့ဆုံ၍ ပြိုင်ပွဲများတွင် ရိုးရိုးသားသား၊ ကြိုးကြိုးစားစားဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားကြရန်၊ ဇွဲလုံလကိုအရင်းခံပြီး အားကစားစိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် စစ်တွေမြို့ အနောက်စံပြရပ်ကွက်ရှိပြည်နယ်အစိုးရအဖွဲ့သို့လှောင်ရုံတွင် ဆန်နှင့်အခြေခံစားသောက်ကုန်များ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ သိုလှောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပစ္စည်းများပျက်စီးမှုမရှိစေရေး၊ အလေအလွင့်မရှိစေရေး စနစ်တကျကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့လှောင်ရုံတည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး စနစ်တကျဆောင်ရွက်သွားကြရန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးဌ ကူညီကယ်ဆယ်ရေးပစ္စည်းများသိုလှောင်ထားရှိမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးဌ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကုမ္ပဏီများက ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီများအနေဖြင့် ရခိုင်ပြည်နယ်တွင် ယခင်ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၏ အားနည်းချက်၊ အားသာချက်များ၊ ယခုဆောင်ရွက်နိုင်မည့် အခြေအနေများကို မြေပြင်အခြေအနေများ ကွင်းဆင်းလေ့လာကာ စနစ်တကျ မီးလင်းနိုင်ရေး ဆောင်ရွက်မည့်အစီအမံကို ရှင်းလင်းတင်ပြပေးကြရန်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆိုလာကုမ္ပဏီများက မီးလင်းရေးအတွက် ဆောင်ရွက်နိုင်မည့်အစီအမံများကို အဆိုပြုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပေးပြီး ကုမ္ပဏီများကခင်းကျင်းပြသထားသော ဆိုလာမီးများကိုလှည့်လည်ကြည့်ရှုသည်။

တင်ထွန်း (ပြန်/ဆက်)

၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းများသို့ သွားရောက်မည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပေးအပ်



ပဲခူး မေ ၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းများသို့ သွားရောက်မည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား ပဲခူးမြို့ တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်မောင်/မယ်များအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ထက်သန်ပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းတန်ဖိုးထားတတ်စေရန်၊ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်နှင့် စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်တို့ ရှင်သန်ကိန်းအောင်းရန်၊ မိမိပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းများကို အကျိုးပြုနိုင်ရန် ရည်ရွယ်ပြီး လူရည်ချွန်စခန်းများသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလူရည်ချွန်စခန်းများသို့ရောက်သည့်အခါ တစ်ဦးနှင့်တစ်ဦးနားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီဖေးမမှု၊ ယုံကြည်မှုစသည့်စိတ်ဓာတ်ရေးရာအခြေခံကောင်းများဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်စခန်းများသို့သွားရောက်မည့် ပဲခူးတိုင်းဒေသကြီးဂုဏ်ဆောင် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ကြိုးကြပ်ဆရာ၊ဆရာမများ စုစုပေါင်း ၄၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၃၂ သိန်းအား ထောက်ပံ့ပေးအပ်ရာ လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်စခန်းများသို့ထွက်ခွာမည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား နှုတ်ဆက်ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

၂၀၂၆ ခုနှစ် မေလ ပထမ(၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် မေ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်လေဖိအားနည်းရပ်ဝန်း(၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဂုဒ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

လေထုစိုထိုင်းဆအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၄ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၄ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

ပင်လွှေ့ရေလွှေ့ပြန်နှုန်းအခြေအနေ

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၇ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၃၈ မီလီမီတာမှ ၄၈ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၉ မီလီမီတာမှ ၅၉ မီလီမီတာအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၀ မီလီမီတာမှ ၇၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

မြေဆီလွှာအောင်းရေအခြေအနေ

ချင်းပြည်နယ်တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

(မိုး/ဇလ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း (၂/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ဝယ်ယူမည့် ပစ္စည်းများအမည်-

(၁) 18.5 KW & 67 KW Submersible Pump များဝယ်ယူခြင်း(Lot-1)
(၂) 45 KW & 37 KW Submersible Pump များဝယ်ယူခြင်း(Lot-2)
(၃) 11 KW & 4 KW Submersible Pump များဝယ်ယူခြင်း(Lot-3)
(၄) အိမ်သွယ်ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများဝယ်ယူခြင်း(Lot-4)
(၅) 8" GI Casing များဝယ်ယူခြင်း(Lot-5)
(၆) 6" GI Casing, 6" Steel Screen & 6" Riser Pipe with Special Socket များဝယ်ယူခြင်း(Lot-6)
(၇) Ø 10" GI Casing & Ø 10" Steel Screen များဝယ်ယူခြင်း (Lot-7)
(၈) ရေမီတာများနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း(Lot-8)
(၉) 160 mm နှင့် 63 mm HDPE Pipe များဝယ်ယူခြင်း(Lot-9)
(၁၀) ရေဝေပိုက်ဆက်ပစ္စည်းများဝယ်ယူခြင်း(Lot-10)
(၁၁) Chlorination System နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း (Lot-11)
(၁၂) 400 KVA, 315 KVA, 160 KVA & 100 KVA Transformer များဝယ်ယူခြင်း(Lot-12)
(၁၃) Aluminium Chlorohydrate(ACH)ဝယ်ယူခြင်း(Lot-13)

(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၇)ရက်
(ဂ) တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၂၂)ရက်
(ဃ) တင်ဒါအာမခံကြေး ရှင်းလင်းမည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၂၅)ရက်
(င) တင်ဒါအာမခံကြေး(၁%) ပေးသွင်းခြင်း - ၂၀၂၆ ခုနှစ်၊ မေလ(၂၅)ရက်
(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၆ ခုနှစ်၊ မေလ(၂၆)ရက်
(ဆ) တင်ဒါပုံစံ လက်ခံစာရင်းပိတ်ခြင်း - ၂၀၂၆ ခုနှစ်၊ မေလ(၂၆)ရက်
(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၂၈)ရက်
(ဈ) တင်ဒါတင်သွင်းရမည့်နေရာ - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(ည) တင်ဒါလျှောက်လွှာဈေးနှုန်း - Lot1,2,3,4,5,6,7,9,10,11,12,13 တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း
Lot 8 တစ်စောင်လျှင် ၁၅,၀၀၀/-နှုန်း

၂။ တင်ဒါပုံစံများအား (၇-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉၂၂၅၆၇၇)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း (၁/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့်လုပ်ငန်းများအမည်-

(၁) ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး (၉)ခန်းတွဲ အဆင့်မြင့်သန့်စင်ခန်းတည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းလုပ်ငန်း(Lot-1)
(၂) ဒုဌဝတီရေပေးရေးလုပ်ငန်းစဉ်များမှရေပိုက်လိုင်းများဆက်သွယ်ချထားခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း (Lot-2)
(၃) ချမ်းအေးသာစံမြို့နယ်၊ ၃၅ လမ်း(၈၉x၉၀)လမ်းကြား ကလိုရင်းစက်ရုံဟောင်း စက်ရေတွင်းနှင့် မဟာအောင်မြေမြို့နယ်၊ ၄၃ လမ်း၊ (၇၈ နှင့် သံလမ်းကြား)စင်မြင့်ရေစင်(၁)သို့ 11 KV Hot Line သွယ်တန်းခြင်းလုပ်ငန်းများ(Lot-3)
(၄) ချမ်းမြသာစည်မြို့နယ်၊ (ဆ-၁၂)၊ မြန်နွာပန်းခြံ စက်ရေတွင်းနှင့် (၄၆ x ၁၁၇)လမ်း၊ (၁၁၇ x ၁၁၉)လမ်းကြားရှိ(တန်ဖိုးနည်းအိမ်ရာ) စက်ရေတွင်းများသို့ 11 KV Hot Line သွယ်တန်းခြင်းလုပ်ငန်းများ (Lot-4)
(၅) ချမ်းမြသာစည်မြို့နယ်၊ တန်ဖိုးနည်းအိမ်ရာ(၄၆ x ၁၁၇) စက်ရေတွင်းတွင် 50 KW Hybrid Solar ဓာတ်အားပေးစနစ် တပ်ဆင်ခြင်းလုပ်ငန်း(Lot-5)
(၆) အောင်မြေသာစံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရွှေတချောင်းမြောင်းပေါင် ကျောက်ရိုးစီမြှင့်တင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းလုပ်ငန်း(Lot-6)
(၇) အမရပူရမြို့နယ်၊ ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံ New Pumping Station ပျက်စီးမှုအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း(Lot-7)
(၈) အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၆)ရေတွန်းစက်ရုံတွင် ရေသန့်စင်စနစ် 1.5 MGD Treatment Plant တည်ဆောက်ခြင်း (Lot-8)

(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၇)ရက်
(ဂ) တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၂၂)ရက်
(ဃ) တင်ဒါအာမခံကြေး ရှင်းလင်းမည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၂၅)ရက်
(င) တင်ဒါအာမခံကြေး(၁%)- ပေးသွင်းခြင်း - ၂၀၂၆ ခုနှစ်၊ မေလ(၂၆)ရက်
(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၆ ခုနှစ်၊ မေလ(၂၈)ရက်
(ဆ) တင်ဒါပုံစံ လက်ခံစာရင်းပိတ်ခြင်း - ၂၀၂၆ ခုနှစ်၊ မေလ(၂၈)ရက်
(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ မေလ(၂၉)ရက်
(ဈ) တင်ဒါတင်သွင်းရမည့်နေရာ - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(ည) တင်ဒါလျှောက်လွှာဈေးနှုန်း - Lot 1,3,4,5,6,7 တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း
Lot 8 တစ်စောင်လျှင် ၁၅,၀၀၀/-နှုန်း
Lot 2 တစ်စောင်လျှင် ၅၀,၀၀၀/-နှုန်း

၂။ တင်ဒါပုံစံများအား (၇-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉၂၂၅၆၇၇)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန ရောဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

Lot-1 ပုသိမ်မြို့၊ ပြည်တော်အေးဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ်(၁)လုံး(၆၅%)ပြီးစီး၍(၃၅%)ထပ်မံတည်ဆောက်ခြင်း
Lot-2 ကျုံပျော်မြို့၊ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ်(၁)လုံး(၇၅%)ပြီးစီး၍ (၂၅%)ထပ်မံတည်ဆောက်ခြင်း
Lot-3 မြန်အောင်မြို့၊ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ(၄)ထပ်(၁)လုံး(၈၀%)ပြီးစီး၍(၂၀%)ထပ်မံတည်ဆောက်ခြင်း
Lot-4 ကျိုက်လတ်မြို့၊ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ(၄)ထပ်(၁)လုံး(၅၀%)စတင်တည်ဆောက်ခြင်း
Lot-5 ပုသိမ်မြို့၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့်မြေနေရာတွင် (၄'-၀") မြေဖို့ခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - (၄-၅-၂၀၂၆)ရက် (တနလ်္ဂာနေ့)
၃။ အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် - (၁၈-၅-၂၀၂၆)ရက်(တနလ်္ဂာနေ့)၊ ညနေ(၁၆:၃၀)နာရီ
၄။ တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။
၅။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ပြည်တော်သာ၊ ပုသိမ်မြို့တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၄၂-၂၀၂၃၇၇၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း ဘီးလင်းမြို့၊ မဲလံခေါင်းကျေးရွာ၊ မူလတန်း(လွန်)မဲလံခေါင်းကျောင်း၊ Grade-7 မှမနှင်းဆီဖြူ၏ဖခင် ဦးထူးထူး(ခ)ဦးထွန်းထွန်းနိုင်(၁၀/ဘလန(နိုင်) ၁၂၀၁၉၁၁ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထူးထူး(ခ)ဦးထွန်းထွန်းနိုင်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြဝတီ ရောင်စုံ သတင်းစာ
လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်မိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်မုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်မုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်မုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏ပိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



တောရ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့် စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် မတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (မြန်ခိုရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

မိုးသောက်ပန်း ဂျာနယ်

ကဇေးငယ်များအတွက်
ပညာရေးပေး၊ ဗဟုသုတရေး၊
ဟာသလေး၊ ဉာဏ်ရည်လေးတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏လက်ရာကောင်းနှင့်အတူ ကာတွန်းဩဝေ၊ ကာတွန်းရွှေကြိုးကြာနှင့် ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ လက်ပံနီ၊ မျိုးမျိုး(အောင်ပန်းသူ)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ချစ်စုအောင်၊ မောင်ထည်ဝါ(ပျော်ဘွယ်)နှင့် ရေနံသာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွှန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၈-၄-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၁၅)ထွက်ပြီ။



စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
မြန်ခိုရေး ဖုန်း - ၀၉၃၂၄၉၈၇၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦

တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ** ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာ တက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၁၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

၂၀၂၆ ခုနှစ် ဧပြီလအတွင်း (၁၆-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုက်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	နေပြည်တော်						
၁	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	-	ကောင်းမွန်	-	ကောင်းမွန်
၂	ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်				
၂	ရန်ကုန်တိုင်းဒေသကြီး						
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၄	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး						
၁	အမရပူရမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၃	ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	မိတ္ထီလာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	စစ်ကိုင်းတိုင်းဒေသကြီး						
၁	မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	စစ်ကိုင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး						
၁	ထားဝယ်မြို့	-	-	ကောင်းမွန်		-	
၂	ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး						
၁	ပဲခူးမြို့	ကောင်းမွန်					
၇	မကွေးတိုင်းဒေသကြီး						
၁	မကွေးမြို့	လက်ခံနိုင်သော	ကောင်းမွန်	-	ကောင်းမွန်		
၂	သရက်မြို့	-	ကောင်းမွန်	-	ကောင်းမွန်	-	ကောင်းမွန်
၈	ဧရာဝတီတိုင်းဒေသကြီး						
၁	ပုသိမ်မြို့	-	-	ကောင်းမွန်			
၂	ဖျာပုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၉	ကချင်ပြည်နယ်						
၁	မြစ်ကြီးနားမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	ကရင်ပြည်နယ်						
၁	ဘားအံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၁	မွန်ပြည်နယ်						
၁	မော်လမြိုင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	သထုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၃	ချောင်းဆုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၂	ရှမ်းပြည်နယ်						
၁	တောင်ကြီးမြို့	ခံနိုင်နည်းပါးသော သူများအတွက်သာ	လက်ခံနိုင်သော	ကောင်းမွန်			
၂	ကျိုင်းတုံမြို့		-	-	-	-	-
၃	တာချီလိတ်မြို့		-	-	-	-	-
၄	မိုင်းဆတ်မြို့	-	လက်ခံနိုင်သော	-	ကောင်းမွန်	-	ကောင်းမွန်

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ခြင်းနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

မန္တလေး ဧမေ ၁

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်အခမ်းအနားနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ မေလ ၁ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်တင်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား အောင်သပြေခက်များဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာမောင်မယ်အဖွဲ့က ဂုဏ်ပြုတီးမှုတ်ကြပြီး ဘင်ခရာအဖွဲ့အား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေး ဦးစီးကော်မတီမှ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကျင်းပရာ သန္ဓေ(အငြိမ်းစား)မီးသတ်ဝန်ထမ်းဟောင်းများနှင့် အသက် ၇၃ နှစ်အထက်၊ လုပ်သက် ၂၅ နှစ်အထက်ရှိသော လက်ရှိတာဝန်ထမ်းဆောင်နေသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ ဖြင့် ပူဇော်ကန်တော့ကြသည်။

အခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိန်ဝင်း၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။



ချမ်းမြေ့မောင်(ချမ်း/စံ)

ပရီးမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလိဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်



အာဆင်နယ် Vs ဖူလ်ဟမ်

ကစားမည့် ရက် / အချိန်

(၂-၅-၂၀၂၆ ရက် ည ၁၁:၀၀နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဖူလ်ဟမ် ၀ - ၁ အာဆင်နယ်

အာဆင်နယ် ၂ - ၁ ဖူလ်ဟမ်

ဖူလ်ဟမ် ၁ - ၁ အာဆင်နယ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

အာဆင်နယ် ဝေး(ရှုံး) အိမ်(နိုင်) ဝေး(သရေ)

ဖူလ်ဟမ် ဝေး(ရှုံး) ဝေး(သရေ) အိမ်(နိုင်)

ခန့်မှန်းရလဒ်

အာဆင်နယ် ၁ - ၀ ဖူလ်ဟမ်

ချန်ပီယံဆုအတွက် လက်ကျန်ပွဲစဉ်အားလုံး အနိုင်ရလဒ်ရရှိဖို့ လိုအပ်နေတဲ့ အာဆင်နယ်အသင်း အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ အာဆင်နယ်အသင်းအတွက် ဖူလ်ဟမ်အသင်းက လန်ဒန်မြို့ခံအသင်းဖြစ်လို့ အလွယ်တကူအသာစီးရယူနိုင်ဖို့အတွက်တော့ ခက်ခဲမှာပါ။ အာဆင်နယ်အသင်းအတွက် ပွဲဆက်ကစားထားရလို့ ပွဲပန်းလာနိုင်တယ်ဆိုပေမယ့် ရမှတ်လိုအပ်ချက်ရှိတာကြောင့် အနိုင်ရလဒ်အတွက် အမှားခံမှာမဟုတ်ပါဘူး။ အာဆင်နယ်အသင်း၏ ဒီဘောလုံးရာသီလိဂ် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင် ၁၇ ပွဲကစားပြီး ချိန်မှာ ၁၃ ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးရလဒ်ရရှိထားလို့ အိမ်ကွင်းစွမ်းဆောင်ရည် အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ ဆာကာပြန်လည်ပါဝင်လာနိုင်တဲ့ အာဆင်နယ်အသင်းတိုက်စစ်ပိုင်းက ပိုမိုအားကောင်းလာလို့ ဖူလ်ဟမ်အသင်းခံစစ်ပိုင်းကို ဖိအားပေးလာနိုင်မှာပါ။

ဖူလ်ဟမ်အသင်းက အမှတ်ပေးဇယား အဆင့် (၁၀)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ ရမှတ်လိုအပ်ချက်ရှိနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက အာဆင်နယ်အသင်းဖြစ်သလို ချန်ပီယံဆုအတွက် အားပြိုင်နေတဲ့အသင်းဖြစ်လို့ ခက်ခဲမှာအမှန်ပါပဲ။ ဖူလ်ဟမ်အသင်းအတွက် အာဆင်နယ်အသင်း အိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း ရလဒ်ကောင်းလေ့မရှိလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ရခက်ခဲမှာပါ။ ဖူလ်ဟမ်အသင်း၏ ဒီဘောလုံးရာသီလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၇ ပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိပြီး လေးပွဲသရေရလဒ်နဲ့ ကိုးပွဲရှုံးနိုင်မှဲထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက ဆိုးရွားနေတာကို တွေ့ရမှာပါ။ ဖူလ်ဟမ်အသင်းအတွက် အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကိုလည်း ပွဲချိန်ပြည့်ထိန်းချုပ်ရခက်ခဲမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ အာဆင်နယ်အသင်းက ၁၁ ကြိမ် အနိုင်ရရှိထားပါတယ်။ ဖူလ်ဟမ်အသင်းကတော့ နှစ်ကြိမ်သာအနိုင်ရရှိပြီး ခြောက်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ အာဆင်နယ်အသင်းက အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် အဘက်ဘက်က အသာစီးမှာရှိနေတဲ့ အာဆင်နယ်အသင်းပဲ အနိုင်သုံးမှတ်ရယူသွားပါလိမ့်မယ်။

ဗလင်စီယာ Vs အက်သလက်တီကို

ကစားမည့် ရက် / အချိန်

(၂-၅-၂၀၂၆ ရက် ည ၈:၄၅နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အက်သလက်တီကို ၂ - ၁ ဗလင်စီယာ

ဗလင်စီယာ ၀ - ၃ အက်သလက်တီကို

အက်သလက်တီကို ၃ - ၀ ဗလင်စီယာ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဗလင်စီယာ ဝေး(ရှုံး) ဝေး(သရေ) အိမ်(နိုင်)

အက်သလက်တီကို ဝေး(ရှုံး) အိမ်(နိုင်) အိမ်(သရေ)

ခန့်မှန်းရလဒ်

ဗလင်စီယာ ၂ - ၁ အက်သလက်တီကို

ဗလင်စီယာအသင်းက အမှတ်ပေးဇယား အဆင့်(၁၂)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် တန်းဆင်းဇုန်က ဆီဗီလာအသင်းနဲ့ ရမှတ်ကွာဟမှု ငါးမှတ်သာရှိနေလို့ တန်းဆင်းဇုန်ဖိအားတွေရှိနေပြီး ရမှတ်လိုအပ်ချက်တွေရှိနေတာကို တွေ့ရမှာပါ။ ဗလင်စီယာအသင်း၏ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၆ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ ငါးပွဲသရေနဲ့ လေးပွဲရှုံးရလဒ်ရရှိထားလို့ အိမ်ကွင်းဆိုရင်တော့ ရလဒ်ကောင်းလေ့ရှိတာကို တွေ့ရမှာပါ။ ဗလင်စီယာအသင်းအတွက် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်တွေဆိုးရွားခဲ့မယ်ဆိုရင် တန်းဆင်းဇုန်ထဲရောက်သွားနိုင်လို့ အခုလို အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဗလင်စီယာအသင်းအတွက် ပြိုင်ဘက်အသင်းက အက်သလက်တီကို အသင်းဖြစ်လို့ ခက်ခဲနိုင်တယ်ဆိုပေမယ့် အိမ်ရှင်အားသာချက်နဲ့ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ပါလိမ့်မယ်။

အက်သလက်တီကိုအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်တွေဆိုးရွားနေပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားပါတယ်။ အက်သလက်တီကိုအသင်း၏ ဒီဘောလုံးရာသီလိဂ် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၆ ပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နဲ့ ခုနစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းက စိတ်ချလို့မရတာကို တွေ့ရမှာပါ။ ဒါ့ပြင် အက်သလက်တီကိုအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိဖို့အတွက်ကလည်း နီးစပ်နေသလို ဒီဘောလုံးရာသီချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ထားလို့ လာလီဂါပြိုင်ပွဲထက် ချန်ပီယံလိဂ်ပြိုင်ပွဲဘက်ကိုသာ ပိုမိုအာရုံစိုက်နေလို့ အခု အဝေးကွင်းပွဲစဉ်မှာလည်း ရုန်းကန်ရဖို့ ရှိပါတယ်။ အက်သလက်တီကိုအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အာဆင်နယ်အသင်းနဲ့ ပွဲစဉ်အတွက်သာ ပိုမိုအာရုံစိုက်နေတာကို တွေ့ရမှာပါ။



ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကိုကြည့်မယ်ဆိုရင် အက်သလက်တီကိုအသင်းက အကြိမ် ၂၀ နိုင်ထားပါတယ်။ ဗလင်စီယာအသင်းက ငါးကြိမ်အနိုင်ရရှိပြီး ၁၀ ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ အက်သလက်တီကိုအသင်းက အသာစီးမှာရှိနေပါတယ်။ ဒါပေမဲ့ ဗလင်စီယာအသင်းက တန်းဆင်းဇုန်ဖိအားတွေရှိနေလို့ အိမ်ရှင်အားသာချက်နဲ့ အနိုင်ရအောင်ကစားမှာပါ။

ကိုမို Vs နာပိုလီ

ကစားမည့် ရက် / အချိန်

(၂-၅-၂၀၂၆ ရက် ည ၁၀:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

နာပိုလီ ၁ - ၁ ကိုမို

နာပိုလီ ၀ - ၀ ကိုမို

ကိုမို ၂ - ၁ နာပိုလီ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ကိုမို ဝေး(ရှုံး) ဝေး(ရှုံး) ဝေး(နိုင်)

နာပိုလီ ဝေး(သရေ) အိမ်(ရှုံး) အိမ်(နိုင်)

ခန့်မှန်းရလဒ်

ကိုမို ၂ - ၁ နာပိုလီ

ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် မျှော်လင့်ချက်ရှိနေသေးတဲ့ ကိုမိုအသင်းအတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရယူပြီး အဆင့်(၄)က ဂျူဗင်တပ်စ်အသင်းကို အားပြိုင်ရဖို့ရှိနေပါတယ်။ နာပိုလီအသင်းရဲ့ ဒီဘောလုံးရာသီလိဂ် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၇ ပွဲမှာ ကိုးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ခြောက်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းက ပုံမှန်အနေအထားမှာပဲရှိတာကို တွေ့ရမှာပါ။ နာပိုလီအသင်းက ကိုမိုအသင်းနဲ့ နောက်ပိုင်းတွေ့ဆုံမှုတွေမှာ ရုန်းကန်နေရပြီး နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးနိမ့်တဲ့အထိ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ လက်ရှိ နာပိုလီအသင်းရဲ့ ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုအားနည်းနေဆဲဖြစ်လို့ ခံစစ်ပိုင်းက အမှားအယွင်းတွေများပြီး ရုန်းကန်နေရလို့ အိမ်ကွင်းတိုက်စစ်ပိုင်းအားကောင်းတဲ့ ကိုမိုအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် တစ်ကြိမ်စီ အပြန်အလှန်အနိုင်ရရှိထားပြီး နှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ အသာစီးရရှိထားခြင်းမရှိပါဘူး။ လက်ရှိ ဒီနှစ်သင်းကြား ခြေစွမ်းပိုင်းကလည်း ကွာခြားမှုမရှိလို့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတဲ့ ကိုမိုအသင်းပဲ အိမ်ကွင်းမှာ မပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရယူသွားပါလိမ့်မယ်။

စည်သူအောင်

မုံရွာမြို့၌ ပေါ်ဦးပေါ်ဖျား စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်သွက်ကာ စျေးကောင်းရရှိ

မုံရွာ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ပေါ်ဦးပေါ်ဖျား စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်သွက်ကာ စျေးကောင်း ရရှိနေကြောင်း မုံရွာမြို့ရှိ သရက်သီးပွဲရုံ လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ပြည်တွင်း၌ သရက်သီးမှည့်များသည် နှစ်စဉ် ဧပြီလမှစ၍ ဇူလိုင်လအထိထွက်ရှိကာ မေလတွင် သရက်သီးမှည့်များ လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ကြောင်း၊ ယခုအခါ စိန်တစ်လုံးသရက်သီးများသည် မုံရွာစျေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာကာ ဒေသတွင်းစားသုံးမှုအပြင် တခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ၊ ရွှေဘို၊ဒီပဲယင်း၊ ကန့်ဘလူ၊ ဘုတလင်နှင့် ကနီ စသည့်မြို့နယ်တို့၌ စိန်တစ်လုံးသရက်ကို အများဆုံးစိုက်ပျိုးကြပြီး ပြီးခဲ့သည့် ဧပြီလနောက်ဆုံးပတ်မှစ၍ ရွှေဘို၊ ဘုတလင်နှင့် ကနီမြို့နယ်တို့မှ စိုက်ပျိုးထွက်ရှိသော စိန်တစ်လုံးသရက်သီးများ မုံရွာမြို့ရှိ သစ်သီးစျေးကွက်အတွင်း စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

လက်ရှိတွင် စိန်တစ်လုံးသရက်သီးများ ပေါ်ဦးပေါ်ဖျားဖြစ်၍ ဝင်ရောက်မှုပမာဏနည်းသောကြောင့် စျေးကောင်းရရှိကာ အရည်အသွေးကောင်းမွန်ကြောင်း၊ စိန်တစ်လုံးသရက်သီးများကို မုံရွာမြို့မှတစ်ဆင့် ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့တို့သို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

ပြည်တွင်း၌ အများဆုံးစိုက်ပျိုးကြသော မြကျောက်၊ စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြားငမောက် စသည့် သရက်သီးမှည့်များ စပေါ်ချိန်သည် ဒေသတစ်ခုနှင့်တစ်ခု ရက်အနည်းငယ်စီ ကွာခြားမှုရှိပြီး ယခင်နှစ်များက ပြည်တွင်းမှထွက်ရှိသော သရက်သီးများကို ပြည်ပသို့ တင်ပို့ရာတွင် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့ကာ အဓိကအားဖြင့် ပြည်ပနိုင်ငံများသို့ သရက်သီးများကို တင်ပို့လေ့ရှိကြောင်း အရည်အသွေးကောင်းမွန်သော စိန်တစ်လုံး သီရသည်။



ဆောင်းဦး

ပုသိမ်မြို့နယ်၌ ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မြင့်အေး၏ပြောဆိုချက်အရ သိရသည်။

ပုသိမ်မြို့နယ် ငါးစျေးကွက်အတွင်း ဧပြီလနောက်ဆုံးပတ်မှစပြီး ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ပိဿာ ၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေက ပိုပြီးအရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်းအပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေတာပါ။ အဓိကက ရန်ကုန်စျေးကွက်ကနေ အဝယ်လိုက်နေတာပါ။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေက လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်" ဟု ဒေါ်မြင့်မြင့်အေးကပြောသည်။

ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးပုတ်သင်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်စျေးကွက်နှင့် တခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ဂျပန်ကုမ္ပဏီ ၅၈ ခုမှ မြန်မာလုပ်သားများခေါ်ယူရန် အလုပ်ကမ်းလှမ်းစာပေးပို့လာ

ရန်ကုန် မေ ၁

ဂျပန်ကုမ္ပဏီ ၅၈ ခုမှ မြန်မာလုပ်သားများခေါ်ယူရန် အလုပ်ကမ်းလှမ်းစာပေးပို့လာကြောင်း တိုက္ကျိမြို့ရှိ မြန်မာသံရုံးမှ သိရသည်။

"တိုက္ကျိမြို့ရှိ မြန်မာသံရုံးအနေနဲ့ အလုပ်ကမ်းလှမ်းစာတွေကို ဂျပန်ကုမ္ပဏီတွေဆီကနေ ပြန်ကြားစာလက်ခံရရှိတဲ့ ရက်စွဲအလိုက် အစဉ်အတိုင်းစိစစ်ပေးနေတာဖြစ်ပါတယ်။ အခုလို စိစစ်ဆောင်ရွက်ရာမှာ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၂၉ ရက်အထိလက်ခံရရှိလို့ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကို ပေးပို့ပြန်ကြားခဲ့တဲ့ အလုပ်ကမ်းလှမ်းစာ ၅၈ ခုနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အသိပေးထုတ်ပြန်လိုက်ပါတယ်" ဟု မြန်မာသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့ ထုတ်ပြန်သည့်စာရင်းတွင် ဖော်ပြပါရှိသည့်ကုမ္ပဏီများအနေဖြင့် စိစစ်နိုင်ရန်အချက်အလက်များကို တိုက္ကျိမြို့ရှိ မြန်မာသံရုံးလိပ်စာသို့လိပ်မူ၍ စာတိုက်မှတစ်ဆင့် ပေးပို့ပေးရမည်ဖြစ်သည်။ ကြေညာချက်တွင်ပါရှိပါက ကြေညာချက်အမှတ်စဉ်ဖော်ပြပြီး စာရွက်စာတမ်း၊ အထောက်အထားများကို စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့ရန် လိုအပ်မည်ဖြစ်သည်။

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ၊ ကုမ္ပဏီများ ဂျပန်နိုင်ငံ၌ တရားဝင်တည်ထောင်ထားခြင်း ရှိ၊ မရှိ စာရွက်စာတမ်းအထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနကို ပြန်လည်ပေးပို့သည့် လုပ်ငန်းစဉ်များကို စိစစ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စိစစ်ဆောင်ရွက်ပြီး စာရွက်စာတမ်း၊ အချက်အလက်များပေးပို့ပေးနိုင်ရန် ယခုနှစ် မတ်လပထမပတ်တွင် ကုမ္ပဏီ ၄၉ ခု၊ မတ်လဒုတိယပတ်တွင် ကုမ္ပဏီ ၅၇ ခုနှင့် မတ်လ ၁၇ ရက်မှ ၃၁ ရက်အထိ အလုပ်ကမ်းလှမ်းစာ ၅၉ ခု၏စာရင်းများကို ထုတ်ပြန်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖြူဖြူ

မရမ်းကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ဖွင့်လှစ်သည့် ကာတွန်းအခြေခံရေးဆွဲနည်းသင်တန်းဆင်း



ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော နွေရာသီ ကာတွန်းအခြေခံရေးဆွဲနည်းသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၃၀ ရက်က မရမ်းကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးသိန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာမောင်ပန်းဝေ (ညောင်တုန်း) က ကာတွန်းပန်းချီ၏အယူအဆ၊ အလင်းအမှောင်နှင့် တခြားကာတွန်းအခြေခံအချက်များ၊ ပန်းချီနှင့်ကာတွန်းရေးဆွဲခြင်း၏သဘောတရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းသို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးတို့က ဧပြီလ ၂ ရက်မှ ၂၉ ရက်အထိ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

ဝေယံ(မရမ်းကုန်း)

မြဝတီ ကာတွန်း



ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(စဖ) ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် မေလ (၁) ရက်နေ့

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု	အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆု	အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု	အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု
ဃ - ၆၄၅၅၀၉	ဆ - ၇၅၇၇၆၇	ၿ - ၇၅၃၄၆၈	ခ - ၅၈၆၄၇၁

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

စ	- ၁၁၆၃၈၁	ဆ	- ၅၃၅၇၄၆
ဋ	- ၁၁၉၇၂၃	ဋ	- ၆၁၉၈၂၇
ဃ	- ၁၂၀၄၄၅	ခ	- ၆၄၃၆၀၈
င	- ၁၆၄၅၂၅	ဆ	- ၆၅၁၅၀၂
ဃ	- ၂၆၆၅၈၈		

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

င	- ၂၂၃၉၁	က	- ၇၄၁၃၅၅
ဂ	- ၂၂၅၇၁၀	က	- ၇၄၆၁၁၇
ဇ	- ၃၅၄၇၈၆	ဇ	- ၇၈၇၂၇၇
ဂ	- ၄၀၅၄၉၇	ခ	- ၈၅၄၀၈၆
ဋ	- ၅၁၆၃၄၇		

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

င	- ၁၀၂၆၉၇	ခ	- ၆၄၁၅၀၀
ခ	- ၁၂၇၈၀၅	ဆ	- ၆၆၀၈၉၄
ဂ	- ၃၇၄၅၃၂	ဋ	- ၈၀၇၉၆၅
ဋ	- ၄၆၀၃၄၅	င	- ၈၂၄၆၃၁
ခ	- ၆၁၂၆၇၆	က	- ၈၇၄၀၆၈

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

စ	- ၁၀၀၅၀၂	ၿ	- ၄၉၂၄၃၆	င	- ၇၈၀၂၀၂
ၿ	- ၁၀၂၁၁၀	ဆ	- ၅၁၇၈၆၉	ဃ	- ၈၄၃၀၈၅
က	- ၁၃၂၇၁၂	က	- ၅၅၂၄၆၆	ဋ	- ၉၂၀၁၁၁
ၿ	- ၁၅၈၅၀၈	င	- ၅၆၂၇၃၃	ဃ	- ၉၄၈၈၆၆
စ	- ၁၇၅၇၁၅	စ	- ၆၃၉၄၇၀	ည	- ၉၇၃၂၇၂
စ	- ၂၆၃၁၉၈	ခ	- ၇၄၂၆၉၆	က	- ၉၇၅၈၄၇
ဇ	- ၃၆၉၅၁၃	ဋ	- ၇၇၂၂၀၇	စ	- ၉၈၁၀၁၀
က	- ၄၆၀၇၅၀				

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀) ဆုများ

စ	- ၁၃၁၄၁၃	ဋ	- ၄၃၆၁၅၈
ဋ	- ၁၄၃၀၆၈	က	- ၅၆၀၁၈၄
င	- ၁၇၀၇၉၄	ဋ	- ၅၇၈၉၅၄
ည	- ၂၃၁၇၉	က	- ၆၄၅၃၇၇
ၿ	- ၃၀၂၃၇၁	ဃ	- ၈၄၄၈၅၂
စ	- ၃၇၀၆၁၅	ဂ	- ၈၇၆၃၄၂

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ခ	- ၁၂၈၂၆၆	စ	- ၆၂၀၀၁၁	င	- ၇၇၈၆၁၀	ဋ	- ၈၈၇၅၇၁
ဋ	- ၁၆၇၄၁၆	ဆ	- ၆၄၀၈၄၁	ဃ	- ၇၉၃၅၈၅	င	- ၉၁၁၇၅၁
စ	- ၃၀၃၁၇၉	ၿ	- ၇၀၄၆၁၀	စ	- ၈၁၁၈၄၁	က	- ၉၂၂၀၆၈
ၿ	- ၄၇၁၄၅၆	ဇ	- ၇၂၇၆၇၇	ဇ	- ၈၁၄၇၆၂	ဂ	- ၉၄၄၉၄၄
ဋ	- ၅၁၃၃၂၅	ၿ	- ၇၃၁၃၉၆	ဇ	- ၈၃၀၂၂၀	င	- ၉၄၄၉၄၆
ခ	- ၅၁၅၂၉၂	ဂ	- ၇၃၉၇၁၁	ဃ	- ၈၃၉၆၄၉		

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၁) ယူနစ်

ၿ	- ၂၈၉၁၁	ဋ	- ၈၆၃၄၇
ဇ	- ၅၁၆၉၅	ဇ	- ၉၁၄၆
ဋ	- ၇၄၀၇၅		

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၅) ယူနစ်

ၿ	- ၂၈၉၁၁	ဋ	- ၈၆၃၄၇
ဇ	- ၅၁၆၉၅	ဇ	- ၉၁၄၆
ဋ	- ၇၄၀၇၅		

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၀) ယူနစ်

ဂ	- ၁၀၄၂	ည	- ၅၆၁၇
ဆ	- ၃၅၂၆	ဃ	- ၈၀၈၁
ဆ	- ၄၁၀၀၇	င	- ၈၂၆၂
စ	- ၄၄၃၈	ဋ	- ၈၉၇၆
ဋ	- ၄၅၀၃	ည	- ၉၈၈၀

အကွက်ရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၂) ယူနစ်

ခ	- ၁၅၉	ဋ	- ၃၄၃	ဃ	- ၆၈၃
ခ	- ၁၇၅	စ	- ၄၄၆	ၿ	- ၇၃၇
ဂ	- ၃၀၁	ဆ	- ၅၆၄	ဂ	- ၉၅၁
က	- ၃၄၁	ဇ	- ၅၇၇	ည	- ၉၆၃

အကွက်ရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၅) ယူနစ်

က	- ၄၇	ခ	- ၆၅	ဇ	- ၉၂
င	- ၅၄	ခ	- ၇၆		

အကွက်ရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

င - ၅

အကွက်ရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဋ	- ၁၄၁၁၅၆	ၿ	- ၅၆၆၄၅၄
ဂ	- ၂၉၅၅၁၇	ဋ	- ၉၉၀၃၀၃

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ည - ၅၅၃၂၁ ခ - ၆၂၀၂၅

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ဂ	- ၂၃၈၁		
စ	- ၆၆၉၀		

အကွက်ရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

စ	- ၇၁၁၁		
စ	- ၇၈၃		

အကွက်ရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၆ ခုနှစ် မေလ (၁) ရက်နေ့တွင်ကျင်းပသည့် (စဖ) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၆၅၃၆၃) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၆၅၃၆၃)ဦးဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ် ဇွန်လ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (စဂ) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အကွက်ရာများမှာ (က) အကွက်ရာမှ (ဃ) အကွက်ရာထိ အကွက်ရာ (၁၄) လုံးဖြစ်ပါသည်။

၃။ (စဖ)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၄-၅-၂၀၂၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁-၅-၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (ဖ)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

၄။ ယခု(စဖ)ကြိမ်မြောက်တွင် ဝေဝေဆာဆာပဒေသာဆုမဲများ(ယူနစ်)မှ ကျပ်(၅)သောင်းဆု ငြင့် နှင့် ကျပ်(၁)သောင်းဆုတွင်လည်း ငြ၅ ထွက်ပေါ်လာပါသဖြင့် ငြ၅ ဖြင့် ကံထူးသူသည် ကျပ် ၆၀၀၀၀/-ရရှိမည်ဖြစ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm **တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-၈၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ကျောင်းချလျက်ရှိပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

The Best Quality Tyre



ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၄၃၊ ၀၉ ၄၅၃၃၂၅၅၅၅၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ကားတာယာ
ဆိုင်ကယ်တာယာ
သုံးဘီးတာယာ

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်ဘူးများ"

NAY PYI TAW







နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသား ၄၃ ဦးအား ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဝမ်မိုင်ကျေးရွာအနီး ထပ်မံဖမ်းဆီးရမိ



ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦးအား ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

နေပြည်တော် မေ ၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် **စာမျက်နှာ ၁၅ ကော်လံ ၁ ↺**

မိုးကြိုကာလအတွင်းဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၁

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်းမိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**

ထူးခြားသည့်နေ့အပူချိန်များ

၁-၅-၂၀၂၆

ထားဝယ်	၄၀	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
ကော့ကရိတ်	၄၀	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
ကော့သောင်း	၃၉	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်
ညောင်လေးပင်	၃၉	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
မြဝတီ	၃၉	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
သာယာဝတီ	၃၉	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
မင်းဘူး	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မြိတ်	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်

အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မြန်မာအသင်း အိမ်ရှင်တရုတ်အသင်းကိုရှုံးနိမ့်

ရန်ကုန် မေ ၁

အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စုအေ၏ မြန်မာအသင်းနှင့်အိမ်ရှင်တရုတ်အသင်းတို့ပြိုင်ပွဲတွင် မြန်မာအသင်းက အိမ်ရှင်တရုတ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တရုတ်အသင်းရဲ့ ဘောလုံးပိုင်ဆိုင်မှုအသာစီးယူဖိအားပေးမှုကို အသည်းအသန် ခုခံနေရပြီး ကစားသမား အားလုံးနီးပါး နောက်တန်းမှာပဲ ပိတ်ဆို့ ဟန့်တားခဲ့ရသည်။ တရုတ်အသင်းရဲ့တရစပ်တိုက်စစ်ကို မြန်မာဂိုးသမား အကောင်းဆုံးဟန့်တားနိုင်ပေမယ့် **စာမျက်နှာ ၁၅ ကော်လံ ၅ ↺**



ယူအေအီးရဲ့ OPEC လမ်းခွဲမှုက ပါးနပ်တဲ့ အာဏာပြိုင်ပွဲလား၊ မတည်ငြိမ်မှုကို အစပြုခြင်းလား
စာ - ၂၂ သို့

အိန္ဒိယ၌ အပူလှိုင်းဖြတ်မှု ပုံမှန်ထက်ပိုမိုကြာရှည်နိုင်သဖြင့် လျှပ်စစ်ဓာတ်အားစနစ်အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်နေ
စာ - ၂၃ သို့

